# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်စောင်

အကြားအမြင် များသော ပညာရှိတို့ ငါ့စကားကို နားထောင် နာယူကြလော့ ၊
ခံတွင်းသည် အစာကို မြည်းစမ်းသကဲ့သို့ နားသည် စကားကို စုံစမ်းတတ်၏ ။
ယောဘ ၃၄း၂-၃

အမှတ်စဉ် (၇၃) | စက်တင်ဘာလ | ၂၀၀၇ ခုနှစ် | စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

သခင့်စကား
နှစ်မြည့်
အမှတ်တရ

## အသင်လူသား

ညှော့သည်တွေ ဆုံဆည်းရာ ကမ္ဘာကြီးဝယ်
စည်းစိမ်ရှိသူကို ကမ္ဘာအနံ့ လိုက်ကာ ပြကြပေမဲ့
စည်းစိမ်မရှိသူကို ကျတော့ ညှော့ဝတ် မကျေ
မတူမတန် ဆက်ဆံတတ်ကြတယ်။
ညှော့သည် အချင်းချင်း တူပေမဲ့လဲ
အိမ်ရှင် ကမ္ဘာ သာယာ လာအောင်
သင့် ဥာဏ် ၊ ဝီရိယ အားထုတ်ခဲ့ဘူးရဲ့လား
စဉ်းစားပါ အသင်လူသား ။ ။

**ဘော်ဘော် ( KL)**

## ပေါ်လှုစိတ်ထား



အမျိုးကို ချစ်လည်း ၊ ကင်ဆာ မစွဲခဲ့
ထာဝရ ဘုရားကို ချစ်ခဲ့သလို
သမ္မာတရား ကိုသာ ချစ်ခဲ့သူ ။
အမျိုးဂုဏ် ထောက်လည်း ၊
အရိုးတုန် မကြောက်ခဲ့
ထာဝရဘုရားကို ကြောက်၍
သမ္မာတရားကိုသာ ထောက်ခဲ့သူ ။
အရေးနှစ်ဖြာ ၊ ဤအရာ၌
သူ ဗျာ မများ ၊ ထာဝရ ဘုရားနှင့်
သမ္မာတရားသာ ၊ အရာရာ၌ သူ စံ ထားခဲ့ ။
ယနေ့ ဆိုးယုတ်ခေတ်မှာ
ဘုရားဘုန်း ဖြာ၍ ၊ အများ ဝမ်းသာရေး
တို့တတွေ အလွဲ နဲ့ အစွဲ တွေ ဖယ်ကြစို့ ။ ။

**Samuel Soe Lwin**

---

## အားကိုးရာ

ရင်မှာ ခံစား ၊ ဒဏ်ရာတွေများ
ဘယ်သူတွေက မျှဝေခံစား နားလည်ပေးမှာလဲ ။
ဝမ်းနည်းမှုတွေ ပြည့်နှက်လို့သာ
ဖြစ်ပျက်ဘဝမှာ ခန္ဓာ တစ်ခုလုံး နွမ်းလျ ကြွေသုဉ်းခဲ့ရပြီ ။
အဲဒါတွေကို ကျော်လွှားနိုင်ဖို့ ခွန်အားတစ်ခုဟာ
ကယ်တင်သခင် ယေရှုခရစ်ပါ ၊
အားကိုးလိုက်ပါ အို အဆွေရာ ။

**သိုးစုငယ် ( L.K)**

## ညဉ်

စာတန်ရှေ့ မှောက်ရက် လဲတာ ခဏခဏ
ဘုရားရှေ့ ဒူးထောက်ရတာလည်း တစ်ကြိမ် မက ။
လဲရင်း ထရင်း၊ ထရင်း လဲရင်း
တကယ်တော့ ငါ ၊ စက်ဘုပူ ရောက်မှ
လမ်းကောင်းကောင်း လျှောက်တတ်ရဲ့သားနဲ့
ခလုတ်တိုက် ချင်ယောင်ဆောင်
ချော်လဲ ရောထိုင် တတ်တဲ့
ငါ့ ဉာဉ် ကိုက မကောင်းတာ ။ ။

**မင်းထွန်းသက်လွင်**

## အနားမှာဘယ်သူရှိမလဲ




လပြည့်ညကို ခံစားရင်း
ကြည်လင်နေတဲ့ ကောင်းကင်ထက်
ဝင်းပနေတဲ့ လမင်းလေးကို
ငွေကြယ်ပွင့်လေးတွေက ခြံရံလို့ပေါ့
ခုလိုညမျိုးမှာ ကောင်းကင်ကို မော့ကြည့်
အဆုံးမရှိတဲ့ ဟင်းလင်းပြင်ကြီးမှာ
တိမ်တိုက်တွေ ဖြတ်ပြေးချင် ပြေးနေမှာပေါ့
ဒါပေမဲ့လေ နေ့ညတွေ ပြောင်းလဲနေလည်း
ကောင်းကင်ကတော့ အမြဲတည်ရှိ နေဆဲပေါ့
အချိန်နာရီတွေ အတိတ်မှာ ကျန်ခဲ့လည်း
တို့အတွေး အာရုံနဲ့ တို့မျက်ဝန်း ထဲမှာတော့
ဒုက္ခ သစ်တိုင်ထက်က လောက အပြစ်သားတွေ
အားလုံးအတွက် အသေခံ ခဲ့တဲ့ သခင်ခရစ်တော်ရဲ့
ပုံတော်ကလဲ ကျွန်ုပ်တို့နှင့်အတူ အမြဲထာဝစဉ် ရှိနေတယ်။
တတိယ မျက်လုံးနဲ့ ကြည့်တတ်မယ်ဆိုရင်
ဘုရားသခင်ကို နေရာတိုင်း အချိန်တိုင်းမှာ ကြည့်မြင်လို့ရတယ်။
အချိန်တိုင်း နေရာတိုင်းမှာ ကျွန်ုပ်တို့နဲ့ အတူရှိနေတယ်၊
ဟုတ်တယ်ဟုတ်။

**ရှိုစ်မေရီ (နယ်လီဇော်)**

---

## ဂေသရှေမန်နှင့်ကရာနီကြားမှ သခင့်ရဲ့ဝေဒနာ ( နီနီနိုင် )

**ထိုနှုတ်ကပါတ်တော်သည် ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျှက် ဖြစ်သော အရာ တစ်စုံတစ်ခုမျှ မရှိ။ ယော ၁း၃**



ဘုရားသခင်ဟာ လောက ကမ္ဘာမြေကြီးကို (ကောင်းကင် မြေကြီး တောတောင် ရေမြေ၊ သစ်ပင်ပန်းမာန် တိရစ္ဆာန်မျိုးစုံကို) တိတိကျကျ စံနစ်တကျနှင့် ဖန်ဆင်းပြီးမှ သူ့ရဲ့ လက်ရာတော်ကို ချီးမွမ်းနိုင်မဲ့ လူသားကို မြေကြီးမှ မြေမှုန့်ကို ယူ၍ ဇီဝအသက် ဝိညာဉ် ( ဝိ- အထူး၊ ညာဉ်-သိခြင်း) သွင်းကာ သူနဲ့ မိတ်သဟာယဖွဲ့ဖို့ ဖန်ဆင်းခဲ့ပါတယ်။

အာဒံနဲ့ လူမိန်းမ ဧဝ ဟာ ဘုရားသခင်ရဲ့ စကားတော်ကို နားမထောင်ခြင်း အားဖြင့် သေရတယ်ဆိုတာ ကျမ်းစာက ဒီလို ရေးသားထားပါတယ်။ **၁ကော ၁၅း၂၂ လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ ရောက်သည်နည်းတူ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတ္တံ့။**

သူများယောင်လို့ လိုက်ယောင်၊ အမောင် တောင်မှန်း မြောက်မှန်း မသိဖြစ်နေတဲ့ အထဲမှာ မိတ်ဆွေရော ပါနေပါသလားလို့ ကိုယ့်ရဲ့ အသက်တာကို စစ်ဆေးပြီး သူတပါးကိုလဲ ဝေငှဖို့ လိုပါတယ်။ ယနေ့ လူအများသိသော နေ့ထူး နေ့မြတ်ဖြစ်သည့် ရက်များမှာ ခရစ်မတ်(**Christmas**) ဂွတ်ဖရိုင်းဒေး (**Good Friday**)၊ အီစတာဆန်းဒေး (**Easter Sunday**) တို့ဖြစ်ပြီး ထိုနေ့ရက် မြတ် အစီအစဉ် တစ်ခုစီတိုင်းဟာ ဆက်နွယ်မှု ရှိနေပါတယ်။

**Christmas** မှာ သူငယ်တော် ယေရှုကို နွားစားခွက် ထဲ သိပ်ထားလိုက်၊ **Good Friday** မှာ ကားစင်တင်သတ်လိုက်၊ **Easter** မှာ

ပြန်ပြီး ရှင်ပြန်ထမြောက် ခိုင်းလိုက်နဲ့ လုံးချာလိုက်ပြီး အချိန်ကုန်နေပါသလား။ ကိုယ့် ယုံကြည်ရာနဲ့ ပါတ်သက်ပြီး တစ်ယောက်ယောက်က မေးလာခဲ့ရင် မိတ်ဆွေ ပြန်ဖြေတတ်ဖို့ အရေးကြီးပါတယ်။ **Christ** ဆိုတဲ့ ခရစ်တော်နဲ့ **Mass** ဆိုတဲ့ အပြစ်သား ကျွန်ုပ်တို့ ပေါင်းစည်းပြီး **Good Friday** ဆိုတဲ့ အပ်နှံခြင်းကို ပြုလုပ်ခဲ့ပါတယ်။ ဂေသရေမန် ဥယျာဉ်မှာ သခင်ခရစ်တော်ရဲ့ ဆုတောင်းခြင်းက ဘုရားသခင်နဲ့ လူသားတွေကို ပြန်လည်ပေါင်းစည်း စေခြင်း ဖြစ်ပါတယ်။ လုကာ ႏ၂၂း၄၂–၄၄

အပြစ်ကို ပုံဆောင်သော "ခွက်"ကို **အကျွန်ုပ် အလိုရှိသည့် အတိုင်း မဖြစ် ပါစေနှင့်၊ ကိုယ်တော် အလိုရှိသည့်အတိုင်း ဖြစ်ပါစေသော** လို့ ဆုတောင်းခဲ့ပါတယ်။ သခင်ယေရှုခရစ်တော်ဟာ ဘုရားဇာတိ ၁၀၀ ရာခိုင်နှုန်း ဖြစ်သလို၊ လူ့ ဇာတိ သဘော သဘာဝကလဲ ၁၀၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီအတွက် အဲဒီ လို ခက်ခဲစွာ ဆုတောင်းနေချိန်မှာ ကောင်းကင်တမန် လာပြီး အားပေးခဲ့ရပါတယ်။ **ပြင်းစွာသော ဝေဒနာကို ခံလျက် အထူးသဖြင့် ကြိုးစား၍ ဆုတောင်းတော်မူ၏။ ချွေးထွက်တော်မူသည်ကား မြေပေါ်၌ ကျသော သွေးစက်ခဲကဲ့သို့ ဖြစ်သတည်း။**

သခင်ယေရှုဟာ စိုးရိမ်မှု၊ အားငယ်မှု ၊ အထီးကျန်မှုများ အပေါ်မှာ ဘယ်လောက်ထိ ခံစားရမလဲဆိုတာ သိနိုင်ပါတယ်။ ကျွန်ုပ်တို့ အလုပ်ပင်ပန်းလို့ ချွေးထွက်တဲ့အခါ နေရထိုင်ရ အရမ်း ခက်ခဲပါတယ်။ သခင်ယေရှု ကိုယ်ပေါ်က ထွက်လာတဲ့ ချွေးဟာ သွေးစက်ခဲကဲ့သို့ ဖြစ်ပါတယ်။ ခရစ်ဝင်ကျမ်း လေးကျမ်းကို ဖတ်တဲ့ အခါမှာ သန့်ရှင်းသော ဝိညာဉ်တော် ဖော်ပြတဲ့ အတွက် ဇာတ်အိမ် ဇာတ်ကွက်တွေကို မျက်စိထဲမှာ အထင်းသား မြင်လာအောင် ခံစားမိပါတယ်။

အပ်နှံခြင်း ခံပြီးတဲ့ အချိန်မှာလဲ သခင်ယေရှုကို နည်းမျိုးစုံနဲ့ ညှဉ်းပန်း နှိပ်စက်ကြပါတယ်။ မဿဲ ၂၆း၆၇–၆၈ ၊ **မျက်နှာတော်ကို တံတွေးနှင့် ထွေးကြ၏၊ လက်သီးနှင့် ထိုးကြ၏။** ပါးကိုလဲ လက်နှင့် ပုတ်ပြီး ဘယ်သူ ပုတ်သလဲ ဆိုတာ ပရောဖက်ပြုပြီး ဟောပါလို့ လှောင်ပြောင်ခဲ့ကြပါတယ်။ စစ်သားများရဲ့ ရိုက်နှက်မှု ဒါဏ်ချက်ကြောင့် ကျလာတဲ့ ခရစ်တော်ရဲ့ အသွေးတော်က ကျွန်ုပ် တို့ ခံစားနေရတဲ့ ရောဂါတွေကို ငြိမ်းစေခဲ့ပါတယ်။

**ဟေရှာယ ၅၃း၅ သူခံရသော ဒါဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျှက်ရှိကြ၏။**

အာဒံဟာ ဘုရားစကားကို နားမထောင်တဲ့အတွက် ကျိန်ခြင်း တစ်ခုရခဲ့ပါတယ်။ က ၃း ၁၇–၁၈၊ ဆူးပင်အမျိုးမျိုးကို သင့်အဖို့ မြေပေါ်မှာ ပေါက်စေမည်။ ဆိုတဲ့ ကျိန်ခြင်းဖြစ်ပါတယ်။ မဿဲ၂၇း၂၉ မှာ ဆူးပင်နှင့် ရက်သော ဦးရစ်ကိုခေါင်းတော်ပေါ်၌ တင်ကြ၏ လို့ သခင်ယေရှု ခံစားရတဲ့ အရာကို ဖော်ပြထားပြန်ပါတယ်။ အာဒံကို ပေးခဲ့တဲ့ ကျိန်ခြင်းအားလုံး သခင်ယေရှုရဲ့ ဦးခေါင်းတော်ပေါ်မှာ တင်ခဲ့ပါတယ်။ ဖြည်းဖြည်းနဲ့ ညင်ညင်သာသာ တင်မယ်လို့ မထင်လိုက်ပါနဲ့ "ရော့ ဖြစ်ချင်အုံးဟဲ့ ယုဒ ရှင်ဘုရင် " ဆိုပြီး အားရပါးရ တအားနဲ့ ဆောင့်ချလိုက်မှာပါ။ ချွန်မြတဲ့ ဆူးခက်တွေက ဦးခေါင်းခွံ အရေပြားနဲ့ နားထင်ကို ထိုးဖောက်သွားလို့ သွေးစိမ်း ရှင်ရှင် ဖြာကနဲ စီးကျလာပြီး လူ့ဇာတိ ခံထားတဲ့ ယေရှုလဲ ဆူး အဆိပ် တက်သွားမှာ သေချာပါတယ်။ သခင်ယေရှု ယူတင် ဝတ်ဆောင်သွားတဲ့ အတွက်ကြောင့် မိတ်ဆွေနဲ့ ကျွန်ုပ်တို့ လူသားအားလုံး အပေါ်မှာ တင်နေတဲ့ ကျိန်ခြင်း အမင်္ဂလာတွေ လွတ်မြောက်ခွင့် ရသွားခဲ့တာ ဟာလဲ ဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ တစ်ဘက်သတ် ချစ်ခြင်း မေတ္တာ တော်တွေကြောင့်ဘဲ ဖြစ်ပါတယ်။

**Good Friday** လို့ခေါ်တဲ့နေ့မှာ သခင်ယေရှု ခရစ်တော်ဟာ ဂေသရေမန်ဥယျာဉ်မှ ရရှိခဲ့တဲ့ နှလုံးသား ဒဏ်ရာ၊ ကြိမ်ချက် မိထားလို့ ဖူးရောင် စုတ်ပြတ် နေတဲ့ ကိုယ်ခန္ဓာပေါ်က ဒဏ်ရာ ဗရပွနဲ့၊ ဦးခေါင်းထက်က ဆူးဦးရစ် ဒဏ်ရာအပြင် မအိပ်ရ၊ မစားရ၊ ရေ မသောက်ရဘဲနဲ့၊ နေ့ခင်းကြောင်တောင် ကိုယ့်ရဲ့ ကားတိုင်ကို ကိုယ်ကိုယ်တိုင် ထမ်းပြီးသွားရတဲ့အချိန် လမ်းပေါ်မှာ လူတကာရဲ့ ကဲ့ရဲ့ခြင်းကိုလဲ ခံရပါသေးတယ်။ ထိုဝေဒနာ ခံစားနေရတဲ့ ခရစ်တော်ရှင်က တစ်ချိန်မှာ ကျွန်ုပ်တို့ မျက်ဝန်းထဲက မျက်ရည်ရှိသမျှကို သုတ်ပေးအုံးမှာပါ။ ဗျာဒိတ် ၂၁း၄

ကရာနီ တောင်တော် ကားတိုင်ပေါ်၌ ကိုယ်တော့်ကို စွဲမြဲစေရန် လက်နှင့် ခြေတို့၌ ရိုက်နှက်ခဲ့သော သံချက်များကြောင့် ကိုယ်တော်၏ လက်နှင့် ခြေတို့မှ စီးဆင်းခဲ့သော အသွေးတော်ဟာလည်း ဒုတိယ သေခြင်းတည်းဟူသော အပြစ်စီရင်ခြင်းမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေနိုင်ခဲ့ပါတယ်။ ရောမ ၈း၁–၂၊ ဖေက် ၂း၈–၉။

သေခြင်းတရား၏ လက်မှ လည်းကောင်း ငါ့ကို ကယ်လွှတ်ပြီ။ သခင်ယေရှုဟာ နာကျင်မှု ဝေဒနာ ခံစားနေရတဲ့ အချိန်မှာလည်း သူ့ မွေးသ မိခင်ကို တမ်းတခဲ့ပါတယ်။ လုတိုင်း ဒုက္ခနဲ့ ရင်ဆိုင်ရရင် အမေကို တ တတ်ပါတယ်။ ယော ၁၉း၂၆–၂၇။ "အချင်းမိန်းမ သင်၏ သားကို ကြည့်ပါ" လို့ပြောပြီး သူက သားဖြစ်တဲ့အတွက် မိခင်အပေါ်မှာလည်း မေတ္တာ ပြခဲ့ပါတယ်။ တပည့်တော် ယောဟန်အား "သင်၏ အမိကို ကြည့်ပါ" လို့ မှာခဲ့ပါတယ််။ မိဘကို ကရုစိုက်ခြင်းဟာလည်း ကျွန်ုပ်တို့ အတုယူစရာ ဖြစ်ပါတယ်။

သမ္မာကျမ်းစာ၌ ယော ၁၉း၃၄ "စစ်သူရဲ တစ်ယောက်သည် နံဘေး တော်ကို လှံနှင့် ထိုးဖောက်၍ သွေးနှင့်ရေသည် ချက်ခြင်းထွက်လာ၏" လို့ မှတ်တမ်းတင်ထားပါတယ်။ ဤအသွေးဟာ ကျွန်ုပ်တို့ ပြုလုပ်ခဲ့တဲ့ ဒုစရိုက် အပြစ် အတွက်ဖြစ်ပါတယ်။ **၁ယော ၁း၇ ၊ ယေရှုခရစ်၏ အသွေးတော်သည် ငါတို့ အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။**

**ဗျာဒိတ် ၃း၂၀ ၊ ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျှက်နေ၏။ အကြင်သူသည် ငါ၏ အသံကိုကြား၍ တံခါးကို ဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည် သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။**

**ဂလာတိ ၂း၂၀ ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ သို့သော်လည်း အသက်ရှင်သေး၏ ထိုသို့ ဆိုသော် ငါသည် ကိုယ်တိုင် မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။**

အီစတာ ဆန်းဒေးမှာ ထမြောက်ခဲ့တဲ့ ခရစ်တော်ဟာ ကောင်းကင်နိုင်ငံကို ပြန်တက်သွားပေမဲ့ တမန်တော် ၁း၈မှာ **ထိုသို့ မရှိသော်လည်း သင်တို့ အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရှုရှလင်မြို့မှစသော ယုဒပြည် ၊ ရှမာရိပြည် မြေကြီးစွန်းတိုင်အောင် ငါ၏ ဥက်သေဖြစ်ကြလိမ့်မည်။** လို့ဆိုထားပါတယ်။

ယနေ့ ထိုသခင်ဟာ မိတ်ဆွေရဲ့ နှလုံးသားထဲမှာ နေရာယူဖို့ စိတ်နှလုံးတံခါးကို ခေါက်နေပါတယ်။ မိတ်ဆွေရဲ့ နှလုံးသားမှာ နေရာပေးဖို့ စဉ်းစားကြည့်ပါ။ စာဖတ်သူ အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

**( မာရာနသာ နီနီခိုင် )**

---

## မာမီနဲ့ Doll ( မလေးဂျူလိုင် )

သမ္မာကျမ်းစာထဲက ရှောလမုန်မင်းကြီးရဲ့ သားတရား စီရင်ခန်းကို ၃ရာ ၃း၁၆–၂၇ အထိ ဖတ်ကြည့်ရင် မိခင်ရင်းဟာ သူ့ရဲ့ သားကို ချစ်တဲ့ မေတ္တာနဲ့ သူသာ အနစ်နာခံပြီး သားကို အသက်ရှင်စေလိုတဲ့ ဆန္ဒရှိကြောင်း တွေ့နိုင်ပါတယ်။ သူ့ရင်ထဲက ဝေဒနာနဲ့ သူဘယ်လို ခံစားနေရတယ် ဆိုတာ ပီပြင်စွာ ဖော်ပြထားပါတယ်။ အကယ်၍များ ရှောလမုန်မင်းကြီးက မိခင်ရင်း မဟုတ်တဲ့ သူရဲ့ စကားကို ယုံပြီး ကလေးငယ်ကို ထက်ခြမ်း ခွဲခဲ့မယ်ဆိုရင် မိခင် အရင်းဖြစ်သူဟာ နေရာမှာတင် ရင်ကွဲနာကျပြီး အသက်သေဆုံး သွား နိုင်ပါတယ်။



ဒီအဖြစ်အပျက်လေးနဲ့ တိုက်ဆိုင်တဲ့ ကျွန်မရဲ့ လုပ်ငန်းခွင်ထဲက အဖြစ်အပျက်လေး တစ်ခုကို ဝေမျှချင်ပါတယ်။ ကျွန်မဟာ စိတ်နဲ့ ဦးနှောက် မှု မမှန်တော့တဲ့ သက်ကြီးရွယ်အို အဖွားတွေကို ကြည့်ရှုပြုစုရတာဖြစ်ပါတယ်။ အဲဒီ သူတွေထဲမှာ အဖွားတစ်ယောက်ဟာ သူ့အရုပ် **( Doll )** လေးတွေကို သားသမီး အရင်းလိုချစ်ပါတယ်။ အသက်ရှိတဲ့ ကလေးတစ်ယောက်လို သူ့ အရုပ်လေးတွေကို ကြည့်ရှုပြုစုပါတယ်။ ညဆိုရင်လဲ အဲဒီအရုပ်လေးတွေကို သူ့ ဘေးနားမှာ ထားပြီး အိပ်ပါတယ်။ မနက် အိပ်ယာ ထတဲ့အခါမှာ အရုပ်လေးတွေကို စောင်ခြုံပေးထားခဲ့ပါတယ်။ ပြီးရင် သူ မနက်စာ စားတယ်။ နောက်တော့ ကျွန်မကို ရေနွေးနဲ့ နို့မှုန့်တောင်းပါတယ်။

သူ့ ကလေးလေး **( Doll )** လို့ ထင်နေတဲ့ အရုပ်လေးတွေ ဗိုက်ဆာနေလို့ ကျွေးရအုံးမယ်လို့ ပြောပါတယ်။ တစ်ခါတစ်လေ ကျွန်မနဲ့ အခြား သူတွေ စကားအကျယ်ကြီး ပြောမိရင် သူ့ကလေးလေးတွေ **( Doll)** လန့်နိုးသွားမယ် တိုးတိုးပြောပါလို့ သတိပေးတတ်ပါတယ်။ တစ်ခါ တစ်ရံ သူ စိတ်ဖေါက်ပြန်ပြီး ထိန်းလို့ မရတဲ့အခါကျရင် " နင့်ကလေးလေးတွေ ငိုနေပြီ

သွားထိန်းလိုက်အုံး'' လို့ပြောလိုက်ရင် ရူးသွပ်နေတဲ့စိတ်တွေ ပျောက်သွားပြီး သူ့စိတ်အာရုံက အရုပ်လေးတွေဆီ ရောက်သွားသလို လူလဲချက်ခြင်း ရောက်သွားပြီး ကလေး **(Doll)** သွားထိန်းပါတယ်။



တစ်နေ့ ကျွန်မ ညဂျူတီကျတဲ့အချိန်မှာ အဲဒီအဖွားဟာ စိတ်မကောင်းတဲ့ မျက်နှာနဲ့ ကျွန်မကို တိုင်ချက်ဖွင့်ပါတယ်။ သူ့ကုတင်ခြေရင်းဘက်မှာ နေတဲ့ နောက်အဖွားတစ်ယောက်က သူ့ **Doll** လေးတွေကို ယူသွားလို့ ပြန်တောင်းပေးပါတဲ့။ ဒါနဲ့ ကျွန်မလဲ ခြေရင်းနားက အဖွားဆီ သွားပြီး သူ့ အရုပ်ကို တောင်းတော့ သူလဲ အရုပ်ကြိုက်တယ်။ အရုပ်ကို အရုပ်မှန်း သူသိ တယ်တဲ့၊ နောက်ပြီး အရုပ်ကို ကလေးလေးလို့ ထင်နေတဲ့ အဖွားကို နို့တိုက်လိုက် စောင်ခြုံပေးလိုက် လုပ်နေတာ အရူးမ ဆိုပြီး အရုပ်ပြန် မပေးဘဲ ရန်တွေ့ပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်မလဲ အရွယ်လွန် အဖွားနှစ်ယောက်ကြားက ပြဿနာကို ဖြေရှင်းပေးဖို့ လိုတယ်ဆိုတာ ချက်ခြင်း သဘောပေါက်လိုက်ပြီး ''ကောင်းပြီ၊ အရုပ်လေးတွေ အရမ်း ညစ်ပတ်နေတယ်၊ ငါရေချိုး ပေးလိုက်အုံးမယ်၊ ပြီးရင် လာပြန်ပေးမယ်နော်'' လို့ ပြောလိုက်တော့ ခြေရင်း ကုတင်က အဖွားက လျောလျောရှူရှူဘဲ အရုပ်လေးတွေ ကျွန်မကို ပြန်ပေးပါတယ်။ ကျွန်မလဲ အရုပ်လေးတွေကို ယူပြီး သူတို့ အခန်းထဲက ပြန်ထွက်လာတော့ အရုပ်လေးတွေကို တကယ့် ကလေးလေးတွေလို့ ထင်နေတဲ့ အဖွားက ကျွန်မ နောက်ကနေ လိုက်လာတာတွေ့ရပါတယ်။ ပြီးတော့ သူ့မျက်လုံးမှာလဲ မျက်ရည်တွေနဲ့ ဆိုတော့ ကျွန်မ အရမ်း အံ့ဩသွားပါတယ်။ အဲဒါနဲ့ ကျွန်မက ''ဘာလို့ ငိုနေတာလဲ ငါ နင့်ကလေးလေးတွေကို ရအောင် ပြန်ယူပေး ပြီးပြီလေ'' လို့ ဆိုလိုက်တော့ အဖွား ပြန်ပြောတဲ့ စကားက ကျွန်မ နှလုံးသားကို တိုက်ရိုက် ထိမှန်သွားခဲ့ပါတယ်။

''နင်ပြန်ယူပေးတာတော့ ဟုတ်ပါတယ်၊ အခုအချိန်မှ ရေချိုး ပေးမယ် ဆိုတော့ ကလေးလေးတွေ **( Doll )** အအေးပတ်ပြီး နေမကောင်း ဖြစ်တော့မှာဘဲ လို့ စိတ်ပူပြီး ငိုနေတာ'' တဲ့။ ကျွန်မ ရင်ထဲမှာ တော်တော် စိတ်မကောင်းဖြစ်သွားပါတယ်။ ပြီးတော့မှ ကျွန်မလဲ ''ငါ နင့် ကလေး လေးတွေကို ရေမချိုးပေးတော့ဘူး၊ အကျီဘဲ လဲပေးလိုက် တော့မယ် နော်'' လို့ ပြောလိုက်တော့၊ သူ့မျက်နှာဟာ ကြည်လင် တောက်ပလာပြီး နှလုံးသား ထဲက ထွက်ပေါ်လာတဲ့ အပြုံးနဲ့ ''ကျေးဇူးတင်ပါတယ်။ ခြေရင်း အနားက အဖွား အိပ်ပျော်သွားရင် ငါ့ကလေးလေးတွေ ငါ့ကို ပြန်လာပေးနော် အခုတော့ နင်ခန ထိန်းထားပေးပါ '' တဲ့လေ။ အဲဒီတော့ ဒီအရုပ်ကလေး **( Doll )** တွေကို ဘယ်အဖွားကို ပေးသင့်သလဲဆိုတာ ကျွန်မ မပြောလဲ စာဖတ် သူတွေ သိနေမှာပါ။

စိတ်ဖောက်ပြန် ရူးသွပ်နေပေမဲ့ ကလေးလေးတွေကို ချစ်တတ်တဲ့ မိခင် တစ်ယောက် ရဲ့ မေတ္တာကို ဘယ်လိုမှ ဥပေက္ခာပြုလို့ မရပါဘူး။ ဒါ့ကြောင့် လောကမှာ မိခင်ကို ဘယ်လို စံချိန် တွေနဲ့ နှိုင်းကြမှာလဲ။ နှိုင်းချယ် ပိုင်ခွင့် မရှိမှန်းသိရင် မိခင်တွေရဲ့ မေတ္တာတရားကို အသိအမှတ် ပြုလိုက်ကြပါ။

ဒီအဖွားတောင် ဒီအရုပ်လေးတွေကို မေတ္တာ ထားတတ်ရင် ကျွန်မ ရဲ့ မွေးမိခင် (မာမီ) ဟာ ကျွန်မ **( Doll )**ကို ဒီထက် ပိုချစ်မယ်ဆိုတာ ကျွန်မ လက်တွေ့ ခံစားလိုက်ရပါတယ်။ **Doll** ကိုချစ်တဲ့ မာမီ ဘုရားသခင် ကောင်း ကြီးပေးပါစေ။

လက်တွေ့ဖြစ်ရပ် အားဖြင့် မိခင်ရဲ့မေတ္တာကို ပိုမိုနားလည် သဘော ပေါက်ခွင့်ပေးတဲ့ အဖဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါ တယ်။ ။

မာမီရဲ့**Doll** - - **မလေး (ဂျူလိုင် )**

---

## ဖိုးမဲတူး ရေးတဲ့စာ (၁) (ဖိုးမဲတူး)

သူငယ်ချင်းရေ၊ ငါ့ကို ငါ့မိသားစု ဆွေမျိုးတွေက အသားမည်းလို့ ချစ်စနိုးနဲ့ 'ဖိုးမဲတူး' လို့ခေါ်တာကို နင်ကပါ လိုက်ပြီး ခေါ်လို့ ငါ စိတ်မဆိုး မိပေမဲ့၊ ဟိုတစ်နေ့က နင်ငါ့ဆီ ဖုန်းဆက်တာ ငါ စိတ်ဆိုးမိတယ်။ ဘာဖြစ်လို့ လဲဆိုတော့ အလုပ်ချိန် မှာ ဖုန်းပြောတဲ့ ငါ့ကို သူဌေးက တွေ့သွားပြီး ဆူလို့ပေါ့ဟာ။ နင်ခေါ်တဲ့ အချိန်က ငါတို့ အလုပ်လုပ်နေတဲ့ အချိန်ဟ။ နင်ကလဲ နင့်သူဌေး အလစ်မှာ ကလေးကျောင်းသွား ပို့ရင်းနဲ့ ကော်ဖီဆိုင်က လမ်းဘေး ဆယ်ပြားဖုန်းနဲ့ ငါ့ကို ခေါ်တာကို ငါကလဲ အမှတ်တမဲ့ ထူးလိုက်မိလို့ သူဌေး မိသွားတာပေါ့။

အိမ်ကနေ အပြင်ထွက်လည်ခွင့် မရတဲ့ နင်တို့တွေက ဖုန်းပြောရင်း နဲ့ဘဲ အပျင်းဖြေရတာကို ငါနားလည်ပါတယ်။ အခု ငါပြောချင်တဲ့ အတင်းတွေ ကို ငွေကုန်သက်သာအောင် ဖုန်းနဲ့ မပြောဘဲ စာရေးပြီး ပြောလိုက်တယ်ဟာ။ နင်လဲ ခွန်အားရ၊ နင့်လို ဘဝတူ သူငယ်ချင်းတွေလဲ ခွန်အားရ ရအောင် ငါ သိတဲ့ဟာလေး တစ်ခုကို စာစောင် ထဲ ထည့်ရေးလိုက်တယ်။

နင်သိတဲ့အတိုင်း ငါက သင်္ဘောကျင်းမှာ လုပ်တဲ့ အလုပ်ကြမ်း သမား ဆိုတော့ နေ့တိုင်း မနက်မိုးလင်းက မိုးချုပ်၊ တနင်္ဂနွေနေ့ပါ မကျန် အချိန်ပို ဆင်းရတာ ဆိုတော့ ဘုရားကျောင်း မရောက်ဖြစ်တာ နှစ်နဲ့ ကြာခဲ့ ပြီပေါ့ဟာ။ အဆောင်မှာ နေရတာဆိုတော့ ညဘက် အလုပ်ချိန်ပြီးရင်၊ ဒါမှမဟုတ် အချိန်ပို မဆင်းရရင် အပြင်ထွက်လည်လို့ ရပါတယ်။ ဟိုတလော က အချိန်ပို မဆင်းရလို့ ညနေဘက် အားနေတာနဲ့ ငါတက်နေတဲ့ ဘုရားကျောင်းကို ရောက်သွားတယ်။ မှတ်မှတ်ရရ ဗုဒ္ဓဟူးနေ့ပေါ့ဟာ။ မလေးရှားက ရောက်လာတဲ့ မြန်မာ သင်းအုပ်ဆရာမ တစ်ယောက် ကျမ်းစာ သင်တန်းပေးမယ်လို့ သတင်းကြားလို့ ညနေစောင်း ၇နာရီလောက် အလုပ်က အပြန် ရေတောင်မချိုးဘဲ တန်းသွားဖြစ်တယ်။ အဲဒီမှာ ဆရာမ ဟောသွားတဲ့ အချက်လေး တစ်ချက်ကို ခွန်အားရလို့ နင်သိအောင် စာထဲ ထည့်ရေး လိုက်တယ်ဟာ။ ဆရာမ ပြောတာတွေကတော့ အများကြီးဘဲ ငါလဲ သိပ် မမှတ်မိတာရယ်၊ သိပ်မရှင်းပြတတ် တာရယ်ကြောင့် မှတ်မိတာလေးနဲ့ ခွန်အားရတာလေးကို ဘဲ အတိုချုပ် ရေးပြတော့မယ်။

ငါတို့ မြန်မာစကားမှာ ''ပါရမီဖြည့်ဘက်'' ဆိုတာရှိတယ်။ လူ တော်တော် များများထင်တာက ပါရမီဖြည့်ဘက် ဆိုတာ ကိုယ့် မိဘ၊ ခင်ပွန်း ဇနီး၊ ချစ်သူ၊ ခင်သူ၊ ကူညီသူလို့ ထင်ကြတယ်။ ဒါလဲ ဟုတ်ပါတယ်၊ မှန်ပါတယ်။ ဒါပေမဲ့ အခု ပြောပြချင်တာက ပါရမီဖြည့်ဘက် ဆိုတာ ချစ်သူခင်သူတင် မကဘဲ။ ကိုယ့် အကျိုးတိုးတက်အောင် ပံ့ပိုးသူဟာ ကိုယ့်ကို မုန်းတီးသူ၊ ကိုယ့်ရန်သူ၊ ကိုယ်နဲ့ မတည့်သူ ဖြစ်နေရင်တောင် သူတို့ ဟာ ကိုယ့်ရဲ့ ပါရမီ ဖြည့်ဘက် ဖြစ်တယ် ဆိုတဲ့ အကြောင်းပါဘဲ။



ဥပမာ ... ကိုယ့် ရန်သူ တစ်ယောက်အားဖြင့် ကိုယ် ရာထူး တက် သွားတယ်၊ စီးပွား တက်သွားတယ် ဆိုရင် အဲဒီရန်သူဟာ ကိုယ့်ပါရမီ ဖြည့်ဘက် တဲ့။ ငါပြောတာ နင်လက်ခံရဲ့လား။

ပိုပြီး ရှင်းသွားအောင် သမ္မာကျမ်းစာထဲက အဖြစ်အပျက်လေးနဲ့ သာဓက ပြလိုက်ပါ့မယ်။ ကမ္ဘာဦးကျမ်းထဲမှာပါတဲ့ ယောသပ် ကို သူ့အစ်ကို တွေက မုန်းတယ်။ မုန်းလို့ နိုင်ငံခြားသားတွေလက်ထဲ ရောင်းစားလိုက်တယ်။ ယောသပ် ''ကျွန်'' ဖြစ်သွားတယ်။ ပေါတိဖာ အိမ်မှာ ကျွန် အဖြစ် အစေခံ ရတယ်။ ပေါတိဖာ မယားက ယောသပ်ကို သူ့အလို မလိုက်တဲ့အတွက် ထောင်ချခဲ့တယ်။

အဲဒီတော့ ယောသပ်ရဲ့ အသက်တာမှာ သူ့အစ်ကို တွေနဲ့ ပေါတိဖာတို့ လင်မယားဟာ သူ့ရဲ့ ရန်သူတွေ၊ သူ့အကျိုးကို ဖြူစုတဲ့ သူတွေ၊

သူ့ကို ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့သူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံး ယောသပ် အဲဂုတ္တုပြည်ကြီးမှာ ဒုတိယ ဘုရင်ခံ ဖြစ်သွားခဲ့ပါတယ်။ ဒီလို ဖြစ်သွားရခြင်းဟာ သူ့ကို မနာလို မုန်းတီး၊ ချောက်ချ၊ ဒုက္ခပေးတဲ့သူတွေ ကြောင့် ဖြစ်ပါတယ်။ ယောသပ် ကောင်းစားဖို့ ပါရမီ ဖြည့်ခဲ့တဲ့ သူတွေက သူ့ကို မကောင်းကြံ ခဲ့တဲ့ သူ့ရန်သူတွေပါဘဲ။

ကျမ်းစာထဲမှာ သင်၏ ရန်သူသည် မွတ်သိပ်လျှင် လုပ်ကျွေးလော့၊ ပါးတစ်ဘက်ကို ပုတ်လျှင် နောက် ပါးတစ်ဘက်ကို ပေးအုံးလော့၊ သင့်အင်္ကျီ ကိုယူလျှင် ဝတ်လုံကိုလဲ ယူစေခြင်းငှာ အခွင့်ပေးအုံးလော့ ဆိုပြီး ရန်သူကို ခွင့်လွှတ်ဖို့ သွန်သင်ခဲ့ပါတယ်။

အခုလို ငါတို့တွေ သူများနိုင်ငံမှာ အောက်ကျ နောက်ကျ အလုပ် လုပ်နေတုံးမှာ နိုင်ငံခြားသား သူဌေးတွေ၊ နိုင်ငံခြားသား လုပ်ဖော် ဆောင် ဘက်တွေ၊ နိုင်ငံတူ လုပ်ဖော် ဆောင်ဘက် တွေက ဒုက္ခပေးကောင်း ပေးလိမ့် မယ်။ နှောက် ယှက်ကောင်း နှောက်ယှက်လိမ့်မယ်။ ဒါပေမဲ့ အဲဒီ သူတွေဟာ ငါတို့ ကောင်းစားဖို့ ပါရမီ ဖြည့်ပေးနေတဲ့သူတွေ ဖြစ်လာနိုင်ပါ တယ်။

ငါဆိုရင် ငါ့သူဌေးနဲ့ အလုပ်ကြပ်က ငါ့ကို သိပ် မကြည်ဖြူဘူး။ သူဌေးက ခရစ်ယာန်ကို အရမ်းမုန်းတယ်။ အလုပ်ကြပ်က ငါ ဆန်းဒေး အလုပ် မဆင်းဘဲ ဘုရားကျောင်း သွားတက်ရင် ဆူတယ်။ ပြဿနာ ရှာတယ်ပေါ့ဟာ။ သူတို့ ငါ့ကို ဒုက္ခပေး ပေမဲ့ ခုနက ကျမ်းချက်အတိုင်း ငါသည်းခံပြီး အလုပ် ဆက်လုပ်တဲ့အခါ အခုဆိုရင် ငွေတော်တော် စုမိနေပြီဟ။ နောက်နှစ်ဆိုရင် ရွာပြန်ပြီး မိန်းမ ယူလို့တောင် ရနေပြီ။ ( ဟဲ ဟဲ ကြွားတာ မဟုတ်ဘူးနော် )

နင်လဲ မလေးရှားက ဆရာမ ဟောသွားသလို၊ ငါ့စာထဲကအတိုင်း ရန်သူကို ခွင့်လွှတ် သည်းခံလိုက်ရင် နင့်ရန်သူတွေဟာ နင်ကောင်းစားဖို့ ပံ့ပိုး ပေးတဲ့သူ၊ နင် အမြင့် ရောက်ဖို့ နင့်ကို ကျောခင်းပေးတဲ့သူ၊ နင့်ရဲ့ ပါရမီ ဖြည့်ဘက်တွေ ဖြစ်လာနိုင်တယ်ဆိုတာ ငါရဲရဲကြီး အာမခံရဲပါတယ်။ ဒီလ ပထမအပါတ် ဆန်းဒေးမှာ နင် အပြင်ထွက်ဖြစ်လို့ ဘုရားကျောင်း ရောက်ရင် ခွန်အားရတဲ့ တရားဟောချက်လေးတွေကို ဒီသခင့်စကားစာစောင် ထဲ ထည့်ရေးလိုက်နော်၊ တနင်္ဂနွေနေ့ ဘုရားကျောင်း မတက်နိုင်တဲ့ ငါနဲ့ ငါ့ သူငယ်ချင်းတွေ ဖတ်ချင်လို့ပါ။ ကဲ စာလဲ ရှည်သွားပြီ၊ ဒါပါဘဲဟာ၊ နောက်လ တွေ့ကျမှ ထပ်ရေး လိုက်အုံးမယ်။ ။ **ဖိုးမဲထူး**

---

## တစ်ဆုပ်ဆန်နှင့်ဆယ်ဖို့ တစ်ဖို့ (သုံ့ည)



ကျွန်မ နာမည် 'သုံ့ည' လို့ခေါ်ပါတယ်။ ခံစားရတဲ့ ကျေးဇူးတော် တွေထဲက အနည်းငယ်ကို ဝေမျှချင်ပါတယ်။ ကျွန်မဟာ တစ်ချိန်က "ဖာကာပူ"( စကော ကရင်လို " မီးဖိုဆောင်") မှာ နေခဲ့ရပေမဲ့ အခုတော့ ဘုရား ရှင်ရဲ့ ပို့ဆောင်မှု ကြောင့် "စင်ကာပူ" ကိုရောက်လာခဲ့ပါပြီ။

မြန်မာပြည်မှာတုံးက ဆန်းဒေးတိုင်း ဝတ်ပြုစည်းဝေးမှာ သင်းအုပ် ဆရာက မာလခိကျမ်း ၃း၁၀ ကို ဖတ်ရွတ်ပြီး လက်တစ်ဆုပ် ဆန်နဲ့ ဆယ်ဖို့တစ်ဖို့ကို ဆက်ကပ်ပါတယ်။ ဒီကျမ်းပိုဒ်လေးက ကျွန်မ အလွတ်ရတဲ့ ကျမ်းပိုဒ်လေးဖြစ်ပါတယ်။ "ဖာကာပူ"မှာ နေတုံးက ထမင်းချက် ခါနီးတိုင်း အိုးထဲကို ဆန်ထည့်ပြီးရင် လက်တစ်ဆုပ် ပြန်နှုတ်ပြီး ဗူးလေးတစ်ဗူးထဲမှာ စုထည့်ထားပါတယ်။ အဲဒီလို ထည့်တိုင်းလဲ ဆရာ့ရဲ့ စကားကို အမြဲကြား ယောင်မိတယ်။ လက်သီးဆုပ်ကို ကြီးကြီး ဆုပ်ခိုင်းတယ်။ ဒီလိုနဲ့ တစ်ပါတ် ပြည့်တော့ ဘုရားကျောင်းကို ယူသွားရတယ်။ အငယ်ဆုံးသော သူတွေ အတွက် ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

သခင်ယေရှု ခရစ်တော်က ဘာပြောသလဲဆိုတော့ "ငါသည် သင်တို့နှင့် အတူ အစဉ် ရှိသည် မဟုတ်၊ ဆင်းရဲသော သူတို့သည် သင်တို့နှင့် အတူ အစဉ် ရှိကြ၏ " လို့ဆိုထားပါတယ်။ အဓိပ္ပါယ်ကတော့ ကိုယ်ခန္ဓာ အားဖြင့် ခရစ်တော် ကျွန်မတို့နဲ့အတူ ရှိမနေလို့ ခရစ်တော်ကို ကိုယ်ထိ လက်ရောက် မလုပ်ကျွေး မပြုစု နိုင်တဲ့အတွက် ခရစ်တော် ကိုယ်စား ကျွန်မ တို့နဲ့ ကိုယ်ခန္ဓာချင်း ထိတွေ့ ဆက်နွယ်နေရတဲ့ ဆင်းရဲသားတွေကို ကိုယ်ထိ လက်ရောက် လုပ်ကျွေးပြုစုဖို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

အများကြီးရမှ လှူခြင်းမျိုး မဟုတ်ဘဲ၊ ကိုယ်စားမဲ့ အထဲက အနည်းငယ်သော အရာကို ဘုရားအတွက် ပြန်လည် ပေးဆပ်ခြင်း ဖြစ်ပါတယ်။ ဒီလိုပေးဆပ်လိုက်တဲ့အတွက် ဆန်အိုးထဲက ဆန်ဟာ လျော့သွားခြင်း မရှိပါဘူး။ လွန်ခဲ့တဲ့ နှစ်တွေက ကျွန်မရဲ့ ဝင်ငွေဟာ တစ်ရက်ကို ၇၀၀ကျပ် ရရှိပါတယ်။ အဲဒီငွေတွေကို ကျွန်မက များလှပြီလို့ ထင်ခဲ့မိပါတယ်။ အဲဒီ အထဲကမှ ဆယ်ဖို့တစ်ဖို့ငွေကို ကျွန်မ ဘုရားသခင်အတွက် ပုံမှန် ဖယ်ပြီး ပေးလှူခဲ့ပါတယ်။ အပါတ်စဉ် ဘုရားကျောင်းရဲ့ ဆယ်ဖို့တစ်ဖို့ ဗူးထဲမှာ သွားထည့်ပါတယ်။ အဲဒီလို ထည့်လာရင်းနဲ့ တစ်ရက် ၇၀၀ကျပ် ကနေ ၇၀၀၀ကျပ် ရမဲ့ အလုပ် ဘာရှိလဲလို့ ရေးရေးလေး စဉ်းစားမိပါတယ်။ တစ်ရက် ၇၀၀၀ လောက်ရရင် အဲဒီငွေတွေကို ငါဘာလုပ်ပြီး ဘယ်လို သိမ်းရမလဲဆိုတာ စဉ်းစားမိခဲ့ဖူးပါတယ်။ ဒါပေမဲ့ မမျှော်မှန်း ရဲခဲ့ပါဘူး။ ဆုလည်း မတောင်းခဲ့ဖူးပါဘူး။ သို့သော်လည်း ကျွန်မ တွေးခဲ့ စိတ်ကူးခဲ့တဲ့ အရာလေးကို ဘုရားသခင်က အခုအချိန်မှာ ပြင်ဆင်ပေးခဲ့ပါပြီ။

ရောင့်ရဲ တင်းတိမ်တတ်ဖို့၊ လောဘကြောင့် ငွေနောက် မလိုက်မိဖို့ စုံစမ်းနှောက့်ယှက်ခြင်းကို တွန်းလှန်နိုင်ဖို့ ကိုယ်တော် အလိုတော်အတိုင်း အသက်ရှင်နိုင်ဖို့ ဆုတောင်းခဲ့ပါတယ်။ အဲဒီလို ဆယ်ဖို့တစ်ဖို့ ပေးလှူခဲ့တဲ့ အတွက် ဘုရားသခင်က သူ့ကတိတော် အတိုင်း ကျွန်မကို ကောင်းကြီးပေးခဲ့ ပါတယ်။

တစ်ချိန်တုံးက ကျွန်မရဲ့ ဖခင်ဟာ ဆယ်ဖို့တစ်ဖို့ငွေကို စုဗူးထဲလဲ မထည့်၊ ဘုရားကျောင်းမှာလဲ သွားမပေးသေးဘဲ၊ သူ့ရဲ့ ဒိုင်ယာရီ စာအုပ် ထဲမှာ အလွယ်တကူ ညှပ်ထားမိခဲ့ပါတယ်။ အဲဒီလိုနဲ့ တော်တော်ကြာတဲ့ တစ်နေ့မှာ စာအုပ်ထဲညှပ် ထားတဲ့ အလှူငွေကို သူ့ငွေထင်ပြီး ကိုယ်ကျိုး အတွက် ယူသုံးလိုက်မိပါတယ်။ ဆယ်ဖို့တစ်ဖို့ငွေ ဆိုတာကို သူမေ့သွား ပါတယ်။ အဲဒီနောက်မှာ မိသားစု တစ်စုလုံး စီးပွားရေး အကျပ်အတည်းနဲ့ ရင်ဆိုင်လိုက်ရပါတယ်။ ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲလို့ ဖခင်က စဉ်းစား ခဲ့ပါတယ်။ အဖြေရှာ မရခဲ့ပါဘူး။ တစ်ညမှာ ဘုရားသခင်က သူ့အမှားကို အိမ်မက် အားဖြင့် ဖော်ပြခဲ့ပါတယ်။ မနက် မိုးလင်းလာတော့ အိမ်မက်အ ကြောင်း ကို ပြန်စဉ်းစားပြီး စိတ်ထိခိုက်ခဲ့ပါတယ်။

မိသားစု ညဝတ်စည်းဝေးမှာ ဖခင်ဟာ ဝမ်းနည်းခြင်း၊ စိတ်ထိခိုက် ခြင်း များစွာနဲ့ မျက်ရည်ကျပြီး ဝန်ခံခဲ့ပါတယ်။ ဖခင်ရဲ့ မျက်ရည်ကို ပထမ ဦးဆုံးအကြိမ် မြင်တွေ့လိုက်ရတဲ့ ကျွန်မဟာ အဖေ ဘာ့ကြောင့် ဒီလောက် ဝမ်းနည်း ပက်လက်ဖြစ်ခဲ့ရတာလဲ ဆိုတာကို အဲဒီတုံးက ငယ်သေးတဲ့ အတွက် နားမလည်ခဲ့ပါဘူး။ အဖေ့ကိုလဲ သဘောမပေါက် ခဲ့ပါဘူး။ သမ္မာတရားကို သိပြီး စဉ်းစားတတ်တဲ့အရွယ်ရောက်လာမှ အဖေ့ရဲ့ ဝမ်းနည်းကြေကွဲခြင်းကို နားလည်တတ်ခဲ့ပါတယ်။ အဖေဟာ ဘုရားရှင်အတွက် ပေးလှူထားတဲ့ အရာကို အလွဲသုံးစား လုပ်ခဲ့မိလို့ဘဲဖြစ်ပါတယ်။

ချစ်သော စာဖတ်သူ ညီအစ်ကို မောင်နှမ အယောက်စီတိုင်းကို ဝေမျှချင်တာကတော့ ဆယ်ဖို့တစ်ဖို့ငွေကို ဘုရားရှင်အတွက် သတ်မှတ်ပြီးရင် အမြန်ဆုံး ဘုရားကျောင်းကို ယူဆောင်သွားဖို့ မေတ္တာရပ်ခံ ချင်ပါတယ်။ ကျွန်မ တို့ရဲ့ ပေးလှူခြင်းဟာ မုတ်ဆိုးမရဲ့ ဒင်္ဂါးနှစ်ပြားလို ကိုယ်တော် အလိုရှိဖို့ အရေးကြီးပါတယ်။

**ဆယ်ဖို့တစ်ဖို့ ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌ စားစရာ ရှိစေခြင်းငှာပြုကြလော့။ ငါသည် မိုးကောင်းကင် ပြူတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင် သွန်းလောင်းမည်၊ မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ ဘုရား မိန့်တော်မူ၏။ မာလခိ ၃း၁၀။** ။ မေတ္တာဖြင့် ... **(သုံ့ည )**

---

## ဘာကြောင့်လဲ (မန်းနီနီ)

*အခန်း(၁)* "ဝင်းဘို ညက တစ်ညလုံး ပြန်မလာဘူး" သူငယ်ချင်း တစ်ဦးက ကျွန်တော့်ကို ပြောလိုက်ခြင်းပါ။ ကျွန်တော်လည်းဘဲ သိပ် မထူး ဆန်း သလိုမျိုး "မနေ့တုန်းက သူငါ့ကို ပြောတော့ ဒူးရင်းသီး **(Esplande)** ဘက် သွားအုံးမယ်ဆိုပြီး ထွက်သွား တာဘဲ၊ အဲဒီ ကတည်းက သူနဲ့ငါ

လမ်းခွဲသွားတာ ဘာဖြစ်လို့လဲ။ ဩော် သိပြီး ဒီကောင် မနေ့က ဘီယာမူး နေပြီး ဘယ်မှလဲ မသွား တတ် မလာတတ်ဘဲနဲ့ ဘယ်သူ့ကိုမှလဲ အဖော် မခေါ်ဘဲ တစ်ယောက်တည်း လျှောက်သွားနေတယ်နဲ့ တူတယ်” ကျွန်တော် နည်းနည်း စိတ်ပူသွားပါတယ်။ သူမနေ့က ငါး(မူးယစ်ဆေး)တွေ သောက် ထားတယ်။ ဘီယာနဲ့ အရက် ပါ ထပ် သောက်ထားလို့ တော်တော်မူးနေတာ သတိထားမိလိုက်တယ်။ စိတ်ပူပူနဲ့ သူငယ်ချင်းတွေဆီ ဖုန်းဆက်ကြည့်တော့ ဝင်းဘို တစ်ယောက် ဘယ်ရောက်လို့ ဘယ်ပေါက်ပြီး ဘာလုပ်နေမှန်း ဘယ်သူမှ မသိကြဘူး။

ဝင်းဘို သတင်း ဘာမှ ရေရေရာရာ မသိဘဲ နှစ်ရက် သုံးရက်လောက် အကြာမှာ **Boss** ဆီ ရဲဌာနက လှမ်းအကြောင်းကြားလို့ အလုပ်ပြန်ချိန်မှာ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ဆေးရုံလိုက်သွားတော့ ဆေးရုံပေါ်မှာ မြင်ရတဲ့ မြင်ကွင်းက “ ဘုရားရေ၊ ကျွန်တော်တို့ သူငယ်ချင်း ဝင်းဘိုမှ ဟုတ်ပါလေစ” ဖူးရောင် ညိုမည်းနေတဲ့ မျက်နှာပေါ်မှာ သွေးများက မြင်မကောင်းအောင် ထွက်နေပါတယ်။ သေချာကြည့်မှ ဝင်းဘိုမှန်းသိရ၍ အနားကပ်ကာ “ဘယ်လို ဖြစ်တာလဲ သူငယ်ချင်း၊ သကြိန်ရက်က မင်းနဲ့ငါ နောက်ဆုံးတွေ့ပြီး လမ်းခွဲသွားတာ မင်းအိမ်ပြန် မရောက်ဘဲ ဘယ်ရောက် သွားတာလဲ မသေကောင်း မပျောက်ကောင်းကွာ ” ဝင်းဘိုက အားယူပြီး ဖြည်းဖြည်းချင်း ပြန်ပြောပါတယ်။ “ အေးကွာ အဲဒီနေ့က ငါတော်တော် မူးနေတာကွ၊ ငါ့စိတ်ထဲမှာ လူတွေအများကြီး ငါ့နောက် လိုက်လာတယ် ထင်ပြီး တံတားပေါ်က ခုန်ချလိုက်တာ။ ရဲကားက ငါ့အနားရောက်လာတယ်။ ငါ့ ဝပ်ပါမစ် ကဒ် ကလဲ သူဌေး သိမ်းထားတာဆိုတော့ ရဲက ငါ့ကို မသင်္ကာ တော့ဘူးလေ။ နောက်ပိုင်းငါ မတ်မတ်တောင် မရပ်နိုင်ဘဲ မေ့လဲသွားတာ၊ သတိရတော့ ဆေးရုံပေါ်ရောက်နေပြီ” စကားကို အားရပါးရ ပြောပြီး မောသွားဟန် တူပါတယ်။

မျက်လုံးများ မေးစင်းလျှက် ကုတင်ပေါ်မှာ အစန့်သား လဲလျောင်း နေတဲ့ ကျွန်တော့် သူငယ်ချင်းအတွက် သူဌေးထံမှာ အသနားခံပြီး ဆေးရုံ တက်ခွင့်ရလို့ ကျေးဇူးတော် ချီးမွမ်းမိပါတယ်။ တော်ရုံ သူဌေးတွေတောင် အလုပ်ခွင်ထဲမှာ ထိခိုက် ဒါဏ်ရာရခြင်း မဟုတ်တဲ့ အတွက် တာဝန်ယူမည် မဟုတ်ပါ။ ( ပို၍ ဆိုးသော သူဌေးများမှာ အလုပ်ခွင်ထဲတွင် ထိခိုက်ဒါဏ်ရာ ရသည့်ကိုပင် ဆေးကု ပေးရမည်ကို ငြိုငြင် တတ်ကြသည်။) ကျွန်တော် တို့ သူဌေးမှာ ဆေးရုံတက်ခွင့်ပြုပြီး ကုန်ကျစရိတ် ခံပေးတဲ့အပြင် ဆေးရုံသို့ လိုက်လာကာ လူနာ လာကြည့်ခဲ့ပါတယ်။ ပထမ နေ့မှာ ခြေထောက် မလှုပ်နိုင်တဲ့အတွက် ကျွန်တော်တို့ စိတ်ပူ ကြပါသေးတယ်။



အဲဒီအချိန်မှာ ဝင်းဘိုက အသံ ခပ်သဲ့သဲ့နဲ့ “ငါ ဆေးရုံက ပြန်ဆင်းရင် သူဌေးကြီး ငါ့ကို အလုပ်ဖြုတ်ပြီး မြန်မာပြည် ပြန်ပို့မလား မသိဘူး၊ ဒုက္ခဘဲကွာ။ ငါ စင်ကာပူ မှာ ဆက်အလုပ်လုပ်ချင်သေးတယ်။” ကျွန်တော့် သူငယ်ချင်းတစ်ယောက်က “ စိတ်မပူပါနဲ့ကွာ မင်း အလုပ်ကြမ်း ပြန်မလုပ်နိုင်ရင်တောင် သူဌေးက သူ့ရုံးခန်းမှာ မင်းလုပ်နိုင်မဲ့ ဗာဟီရ အလုပ် လေးတွေ လုပ်ခိုင်းပြီး မင်းကို အလုပ်ဆက်ခန့်မယ်လို့ ပြောသံကြားတယ် မင်းကို သနားလို့ထင်ပါရဲ့ကွာ ” အဲဒီတော့မှ စောစောက လေသံပျော့နေတဲ့ ဝင်းဘိုက “ ဟေ တကယ် တကယ်လားဟင်” လို့ ဝမ်းသာအားရနဲ့ မေးပါတယ်။ တခနချင်းမှာဘဲ သူ့မျက်နှာ ညှိုးကျသွားပြီး “ဒါပေမဲ့ ဒီလ အတွက်တော့ ငါ့အိမ်ကို ငွေလုံးဝ ပို့နိုင်မှာ မဟုတ်တော့ဘူး” အဲဒီတော့မှ ကျွန်တော်က ညတုံးက အဆောင်မှာ ရှိတဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေ စုပြီး တိုင်ပင်ထားတဲ့ အကြောင်းကို ဖွင့်ပြောလိုက်ပါတယ်။ “ဒီလ မင်းမိဘတွေ စားဖို့ စားစရိတ်ကို ငါတို့အားလုံး စုပြီး ပို့ဖို့ သဘောတူ ဆုံးဖြတ်ပြီးသွားပါပြီ ဒီလ အတွက်တော့ မပူပါနဲ့ကွာ ”

နောက်နေ့ ဆရာဝန်ဆီက ဆေးမှတ်ချက်ကို သိဖို့ ကျွန်တော်တို့ အားလုံး ရင်တထိတ်ထိတ်နဲ့ စောင့်နေကြပါတယ်။ မကြာခင် ပွဲစား ရောက်လာပြီး ဝင်းဘိုနားမှာ ဝိုင်းအုံနေတဲ့ ကျွန်တော်တို့ကို ဆေးရုံနောက်က ကန်တင်းဆိုင်ကို လက်တို့ ခေါ်သွားပြီး အရေးကြီးတဲ့ စကားပြောစရာရှိတယ် လို့ပြောပါတယ်။ ကန်တင်း ရောက်လို့ ဝိုင်းထိုင်ပြီးချိန်မှာ ပွဲစားက “ မင်းတို့ သူငယ်ချင်း အတွက်တော့ စိတ်မကောင်းစရာဘဲ၊ ဆရာဝန် မှတ်ချက်အရ သူ အောက်ပိုင်း သေသွားပြီ” တဲ့။ ကျန်တဲ့သူတွေတော့ ဘယ်လိုနေမယ် မသိပါ။ ကျွန်တော့်ရှေ့က စားပွဲခုံကို တအားကျုံးကန် ပစ်လိုက်ချင် စိတ်ပေါက်အောင် ဒေါသတွေ ပေါက်ကွဲ သွားပါတယ်။ အပြန်မှာ ဆေးရုံရှေ့က ဖြတ်ပြန်လာရင်း ဘုရားသခင်ရဲ့ အလိုတော် အကြောင်းကို စဉ်းစားလာပါတယ်။ ဒီလိုအဖြစ် ဆိုးမျိုးနဲ့ သူငယ်ချင်းကို ဘုရားက ဘာဖြစ်လို့ ပေးတွေ့ရတာလဲ။

ကျွန်တော့် သူငယ်ချင်း ဝင်းဘိုဟာ စိတ်နှိမ့်ချသူ တစ်ဦးပါ။ သူ့ကို ကျွန်တော် ဘုရားကျောင်းကို ခေါ်သွားဖူးတယ်။ ဘုရားသခင်နှင့် အကျွမ်းဝင် စေရန် မိတ်ဆက်ထားပေးပြီးပါပြီ။

အခန်း(၂) ဘာလိုလိုနဲ့ ဝင်းဘိုပြန်သွားတာ တစ်နှစ် ကျော် သွားခဲ့ပါပြီ။ ကျွန်တော်လဲ ဘုရားကျောင်း မရောက်ဖြစ်တော့ပါ။ သွားချင် စိတ်လည်း မရှိတော့ပါ။ တစ်နေ့တော့ ဘာရယ် မဟုတ် **Aljunied MRT** နံဘေးက လှေခါးထစ်မှာ ထိုင်နေတုန်း “ဟဲ့ ဆလိုင်း နင့်ကို ငါက မြင်ဖူးပါတယ်လို့ ကြည့်နေတာ။ ဘာလုပ်နေတာလဲ၊ အတော်ဘဲ ငါ့ကို ကူသယ်ပေးအုံး၊ ဒီနေ့ ဘုရားကျောင်းမှာ ကျေးဇူးတော်ချီးမွမ်းပွဲလုပ်ဖို့ အစား အသောက်တွေလေ” “ဟာ အစ်မ မသီ ပါလား၊ ဘယ်တုန်းက ပြန်ရောက် တာလဲ၊ ကူသယ်ဆို သယ်ပေးမယ်၊ ဘုရားကျောင်းထဲတော့ မလိုက်ဘူး” ကျွန်တော်လဲ ဂျစ်တစ်တစ်လုပ်ပြီး ညစ်လိုက်ပါတယ်။ ဘုရားကျောင်းထဲတော့ မလိုက်ချင်ပါ။ “အေးပါဟယ်၊ ဘုရားကျောင်းထဲ မလိုက်ရင်လဲနေပါ၊ ဩော် ဒီလထဲမှာ နင်အားတဲ့ရက် ရှိရင် ငါ့ဆီလာခဲ့အုံးနော်” ဘုရားကျောင်းရှေ့မှာ အစ်မကို ထားခဲ့ပြီး လှည့်ပြန်ခဲ့ပါတယ်။

အခန်း(၃) ဒီနေ့ အလုပ်ပိတ်ရက်မို့ ဘယ်ကိုသွားရမလဲဆိုတာ အိပ်ယာထဲမှာ စဉ်းစားနေမိတယ်။ “ဟုတ်ပြီ ငယ်ငယ်ကတည်းက ကျွန်တော်နဲ့ အစ်မအရင်းလို ပြောမနာ ဆိုမနာ ခင်မင်ရင်းနှီးခဲ့တဲ့ အိမ်နီးချင်း အစ်မ မသီ ဆီသွားမယ်၊ စကားပြောဖော် မရှိတာနဲ့ အတော်ဘဲ၊ ” သူ့ အိမ် ရောက်သွားတော့ ဧည့်ခန်းထဲမှာထိုင်နေတဲ့ မသီကို အခန့်သား တွေ့ရပါတယ်။ “အစ်မ ဂျပန်က ကောင်မလေးတွေ ချောလား၊ သား အတွက်ရော တစ်ယောက်လောက် မဆွဲခဲ့ဘူးလား” “ဟေ့ အဲဒါက အရေး မကြီးဘူး၊ လာထိုင်အုံး၊ ဆလိုင်း။ နင် ဘုရားကျောင်း မသွားတာ ကြာပြီဆို ” “အင်း ” ကျွန်တော်လဲ အဆူခံ ထိတော့မှာမို့ စိတ် မပျော်တော့ပါ။ ဖြစ်ပြီးသားအကြောင်းတွေကိုလဲ ပြန်မတွေးချင်ပါ။

“အစ်မ ဘုရားတရားအကြောင်း ပြောမယ်ဆို ကျွန်တော် ပြန် တော့မယ်” မသီက ရေခဲ သေတ္တာထဲမှ အအေးဗူးတစ်ဗူး ထုတ်ပေးပြီး အိမ်တံခါးကို ပိတ်လိုက်ပါတော့တယ်။ သဘောက ဘုရားတရားအကြောင်း ပြောတော့မယ်ဆိုတဲ့ အထာပေါ့။ ကျွန်တော့် စိတ်ထဲ တင်းသွားပြီး “အစ်မ ဒါဘာလုပ်တာလဲ၊ ကျွန်တော့်အချစ်ဆုံး သူငယ်ချင်းဘာဖြစ်လို့ ဒုက္ခတွေ့ ရတာလဲ၊ ဘုရားက ဘာဖြစ်လို့ ဒီလို အလိုတော်ရှိရတာလဲ၊ အဲဒါကြောင့် ကျွန်တော် မကျေနပ်ဘူး။ ဘုရားကျောင်းလဲ မတက်တော့ဘူး၊ ဘုရားလဲ မရှိခိုးတော့ဘူး။ ဘာသာမဲ့ တစ်ယောက်လိုဘဲ နေတော့မယ်” ကျွန်တော့် စကားအဆုံးမှာ မသီက လက်ကာပြပြီး၊ “ဟုတ်ပြီ ဆလိုင်း ထမင်း စားပြီးပြီလား ” “ ဟုတ်တယ် စားပြီးပြီ ” “ဒါဆို ဆလိုင်းစားခဲ့တဲ့ ထမင်းက ဘုရား ကျွေးတာ မဟုတ်ဘူးပေါ့ ဟုတ်လား” မသီရဲ့ အမေးကို ကျွန်တော် မဖြေပါ၊ မသီက ဆက်ပြီး “မောင်လေးရဲ့ အမေးနော်၊ ဘုရားသခင်ရဲ့ အလိုတော်က မောင်လေးရဲ့ သူငယ်ချင်းကို ဘဝပျက်စေတယ်ပေါ့၊ ဟုတ်လား။ ဒီလိုဆို ဒီထဲမှာ အစ်မကို ဖတ်ကြည့်ပေးပါအုံး”

“ ယောဘ ၃၄း၁၀ **ခုနှစ်ရှိက်သည် ဘုရားသခင်နှင့် လည်းကောင်း အ ပြစ်သည် အနန္တ တန်ခိုးရှင် နှင့်လည်းကောင်း ဝေးပါစေ** တဲ့။ နောက် တစ်ချက်က ယာကုပ် ၁း၁၃ မှာ ဒီလိုရေးထားတယ်။ **အပြစ် သွေးဆောင်ခြင်းကို ခံရသောသူ မည်သည်ကား ဘုရားသခင်သည် ငါ့ကို သွေးဆောင် တော်မူသည်ဟု မပြောစေနှင့်၊ မကောင်းသောအရာသည် ဘုရားသခင်ကို မသွေးဆောင်နိုင်ရာ၊ ကိုယ်တော် သည်**

**လည်း အဘယ်သူကိုမျှ အပြစ်သို့ သွေးဆောင်တော်မမူ** တဲ့၊ ကဲ အဲဒီ ကျမ်းချက်တွေကို ဆလိုင်း ဘယ်လို သဘောပေါက်သလဲ။ ” မသီမေးတာကို ကျွန်တော် ပြန်မဖြေပါ။ ကျွန်တော် မေးချင်တာကိုဘဲ သိတယ်။ “ဒါဆို လူတွေက ဘာဘဲဖြစ်ဖြစ် ဘုရားအလိုတော်ဘဲ လို့ ဘာဖြစ်လို့ပြောကြ တာလဲ ”

“ရှင်းရှင်းလေးဘဲလေ တစ်ချို့လူတွေက ကောင်းကောင်း သဘောမပေါက်ကြလို့နေမှာပါ။ ပြီးတော့ အခုမှ ဆင်းရဲ ဒုက္ခတွေကို တွေ့ကြုံရတာမှ မဟုတ်ဘဲ၊ ဟိုးရှေးရှေး ဓမ္မဟောင်းကျမ်းထဲက ဟာဗက္ကုတ်ကြီးတောင် ဘုရားသခင်ကို **မတရားသော အမှုကို အကျွန်ုပ်အား အဘယ့်ကြောင့် ပြတော်မူသနည်း။ ... လုယူခြင်း အနိုင်အထက်ပြုခြင်း အမှုသည် အကျွန်ုပ်ရှေ့မှာ အဘယ့်ကြောင့် ရှိရပါသနည်း။** လို့ ဟာဗက္ကုတ် ၁း၃ မှာ မေးခဲ့ရတာဘဲ။ အဲဒါကြောင့် ဆင်းရဲခြင်းဘေးတွေဟာ အခုမှ ပေါ်လာတာ မဟုတ်ဘဲ ဟိုးတုံးကတည်းက ဘုရားအလိုတော်အတိုင်း အသက်ရှင်တဲ့ ဘုရား အမှုတော်ဆောင် ပရောဖက်တွေလဲ တွေ့ကြုံရတာဘဲ ”

ကျွန်တော်လဲ မသီ ပြောတာမှန်နေတော့ စိတ်ထဲရှိတာ ပြောလိုက်မိပါတယ်။ “ဒီလိုဆို ဘုရားသခင်က အဲဒါတွေကို မသိဘူးလား။” အဲဒီတော့ မသီက သူ့ရဲ့ တတီတီ မြည်နေတဲ့ ဟန်းဖုန်းကို ပိတ်ရင်း ပြောလိုက်ပါတယ်။ “သိတယ် သိတယ် ဘုရားသခင်က သိရုံတင် မကဘူး၊ ကမ္ဘာဦး ၆း၅–၆ မှာ စိတ်နှလုံးတောင် ပူပန်သေးတယ်လို့ ရေးထားတယ်။ ကျမ်းစာ ကောင်းကောင်း သေသေချာချာ ပြန်ဖတ်စမ်းပါ ဆလိုင်းရာ” ကျွန်တော်လည်း ကိုယ့်ဘက် လှည့်လာမှာ စိုးတာကြောင့်၊ “အဲဒါဆိုရင် ဘုရားသခင်က လောတ နေရာ အရွေးမှားတာကို မတားမြစ်ဘဲ ဒီအတိုင်းဘဲ ကြည့်နေတာပေါ့ ဟုတ်လား” လို့ ကျွန်တော်က မေးတော့ မသီက ကျမ်းစာအုပ်ကို လျင်မြန်စွာဖွင့်ရင်း “ဟောဒီ ၁ယောဟန် ၅း၁၉ မှာ **လောကီသား အပေါင်းတို့သည် မာရ်နတ်၏ လက်၌ ရှိကြသည်ကို လည်းကောင်း ငါတို့ သိကြ၏** တဲ့၊ ကဲ လောကသားတွေက ဘယ်သူ့ လက်ထဲမှာ ရှိသလဲဆိုတာ ရှင်းပြီလား ”

“မသီ ဒါဆိုရင် ကျွန်တော်တို့က စာတန်ရဲ့ လက်ထဲမှာပေါ့နော် ” မသီက ရယ်ရင်း “ မစိုးရိမ်ပါနဲ့ ငါ့မောင်ရာ ဘုရားသခင်က မ တို့ လူသားတွေကို အမြဲဘဲ ချစ်မြတ်နိုးပြီး မ တို့အတွက် အစီအစဉ် ရှိပြီးသား ၁ယော ၄း၉ မှာ **ငါတို့ကို ချစ်တော်မူသော မေတ္တာတော် သည် ထင်ရှားလျက် ရှိ၏** တဲ့။ အဲဒီတော့ စာတန်ရဲ့ သွေးဆောင်မှုတွေနဲ့ ကင်းအောင် ဘုရားသခင်ရဲ့ မေတ္တာတော် ခံစားရအောင် လူသားတွေ အနေနဲ့ စိတ်နှလုံးပါပါ ဆုတောင်းဖို့ဘဲ ရှိတော့တာပေါ့။ ” ကျွန်တော်လဲ မသီကို အားနာသွားရပါတယ်။

သူရှင်းပြခဲ့လို့ ကျွန်တော့်ရဲ့ တလွဲ အမြင်စောင်းမှုတွေ ပြေပျောက်သွားခဲ့ရပါပြီ။ “ကဲ မသီ သားပြန်အုံးမယ် ” “ ဟဲ့ တစ်နေ့လုံး မနေဘူးလား၊ ဆလိုင်းကို ပြောပြစရာတွေ အများကြီး ကျန်သေးတယ်” “နေပါစေ၊ အစ်မရာ ဒီလောက်ဆို ဒီနေ့အဖို့ လုံလောက်ပါပြီ၊ သူငယ်ချင်းတွေဆီ သွားပြီး ဘုရားကျောင်းမှာ ဒီအပါတ် သီချင်းဆိုဖို့ သီချင်းသွားတိုက်လိုက်အုံးမယ်” မသီကို နှုတ်ဆက်ပြီး အပြန် လမ်းမှာ စဉ်းစားလာပါတယ်။ ဒီလို ဆိုးသွမ်းမှုရဲ့ အရင်းအမြစ်ဖြစ်တဲ့ စာတန် ခင်းပေးထားတဲ့ လမ်းအသွယ်သွယ်ကို လွှဲရှောင်နိုင်ဖို့ ကိုယ့်ကိုယ်ကို အတတ်နိုင်ဆုံး ပြုပြင်နေထိုင်သွားမယ်လို့ ဆုံးဖြတ်ရင်း ကျွန်တော့်ရဲ့ ခြေလှမ်းများကတော့ဖြင့် ဘုရားကျောင်းဝင်းထဲသို့ ... ... ။

မေတ္တာအားဖြင့် – **ပန်းနီနီ (ကရင်နီ)**

---

## ခရစ်ယာန် တစ်ယောက် သေပြီးနောက် ဘယ်ကို ရောက်မှာလဲ (အန်ဒရူး)

အထက်ပါမေးခွန်းသည် မေးသင့်မေးထိုက်သော မေးခွန်းနှင့် သိသင့် သိထိုက်သော မေးခွန်း ဖြစ်ပါသည်။ သမ္မာကျမ်းစာ တွင် လူသားတိုင်း နောက်ဆုံးသွားရမည့် နေရာကား ကောင်းကင် (သို့) ငရဲဟူသော နေရာနှစ်ခုမှ တနေရာတွင် အစဉ် နေရပေလိမ့်မည်ဟု သွန်သင်ထားပါသည်။ (မ၊ ၇း၁၃–၁၄) လူတယောက်သည် မည်သည့်နေရာသို့ ရောက်မည်မှာ သူနှင့် သခင်ယေရှုတို့ အကြား ဘယ်လို တော်စပ်မှု ရှိသည့်



အပေါ်မှာ မူတည်ပါသည်။ ကျမ်းစာ၌ “သားတော်ကို ယုံကြည်သော သူသည် ထာဝရ အသက်ကို ရ၏။ သားတော်ကို ပယ်သော သူမူကား အသက်ကို မတွေ့ရ။ ထိုသူ၏ အပေါ်၌ ဘုရားသခင်၏ အမျက်တော် တည်နေ သည်ဟု ယောဟန်ဟောလေ၏။”(ယော၊၃း၃၆)

ကျမ်းစာ၌ လူ၏ ကိုယ်ခန္ဓာကို ဝိညာဉ် နေရာ “အိမ်”ဟု ခေါ်ပါသည်။ ကျွန်ုပ်၏ ကိုယ်သည် အမှန်မှာ ကျွန်ုပ် မဟုတ်ပါ။ ကျွန်ုပ်၏ ဝိညာဉ်နေရာ အိမ် မျှသာဖြစ်သည်။ လူတိုင်း အိမ်တွင် နေထိုင်ကြသောကြောင့် ဤအရာကို သိနိုင်ပါသည်။ ကျွန်ုပ်သည် အိမ်မဟုတ်၊ အိမ်သည် ကျွန်ုပ် နေထိုင်သော နေရာ မျှသာ ဖြစ်သည်။

### ခရစ်ယာန်တယောက်သေပြီးနောက်ဘယ်ကိုရောက်မှာလဲ။

သေခြင်းသည်သူ၏ နေရာ“အိမ်” နေရာ ရွှေ့ပြောင်းခြင်းနှင့် သခင်ယေရှုနှင့် အတူ နေရန် သွားရောက်ခြင်း ဖြစ်ပါသည်။



တမန်တော် ရှင်ပေါလုက “ငါ အသက်ရှင်သည် အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍ အကျိုးရှိ၏။” ဟုဆိုထားပါသည်။။ (ဖိ၊၁း၂၁) ရှင်ပေါလုက သူသည် သေလျှင်မူကား သာ၍ “အကျိုး”ရှိ၏ဟု ဘာကြောင့် ပြောခဲ့ပါသလဲ။ အဘယ်ကြောင့်ဆိုသော် သေခြင်းသည် ခရစ်တော်နှင့်အတူ နေရန် သွားရောက်ခြင်းဖြစ်ပြီး၊ ဤမှာ နေရခြင်းထက် အလွန်မှ သာ၍ ကောင်းသောနေရာ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ချစ်ခင်သူ ခရစ်ယာန် တယောက် သေသောအခါ ကျွန်ုပ်တို့သည် သူ့ကို လက်လွှတ် ဆုံးရှုံးရသောကြောင့် ဝမ်းနည်းတတ်ကြသည်။ ဤအရာကား သဘာဝပင် ဖြစ်သည်။

သို့သော် သိထားရန်မှာ သူသည် ဤနေရာထက် သာ၍ ကောင်းသောနေရာ သခင်ယေရှုနှင့်အတူ ရှိနေပြီးဖြစ်သည်။ ကောင်းကင်ဘုံ၏ လှပခြင်းကို သင်နှင့် ကျွန်ုပ်တို့သည် မြင်နိုင်ခဲ့သော် သူ့ကို ဤနေရာ လောကသို့ ပြန်လာရန် သင်နှင့် ကျွန်ုပ် ဘယ်သောအခါမျှ အလိုရှိမည် မဟုတ်ပေ။

### ကျွန်ုပ်တို့သည်သေခြင်းကိုကြောက်စရာမလိုအပ်တော့ပါ။

ခရစ်ယာန် တယောက်အဘို့ ကျမ်းစာတွင် သေခြင်းသည် “ခရစ်တော်၌ အိပ်ပျော်ခြင်း”ဟု ပြောထားပါသည်။ သခင်ယေရှုက “ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင် ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သော သူသည် သေလွန်သော်လည်း ရှင်လိမ့်မည်”ဟု ကတိပေးထားပါသည်။ (ယော၊၁၁း၂၅)

ဘုရားသခင်၏ အလိုတော်ကား သူ၏ သားတော်ကို ယုံကြည် သောသူတိုင်း ထာဝရအသက်ကို ရပေသည်။ သခင်

ယေရှုက "သားတော်ကို ကြည့်မြင်၍ ယုံကြည်သောသူ ရှိသမျှတို့သည် ထာဝရအသက်ကို စေခြင်းငှါငှင်း အလိုတော်ရှိ၏။ ငါသည်လည်း နောက်ဆုံးသောနေ့၌ ထိုသူတို့ကို ထမြောက်စေမည်ဟုမိန့်တော်မူ၏။"(ယော၊၆း၄၀)

သခင်ယေရှုသည် တဖန်ပြန်ကြွလာသောအခါ သူပိုင်သော သူများ၏ ခန္ဓာများကို ထမြောက်စေမှာဖြစ်ပြီး၊ ဘယ်သောအခါမျှ မသေနိုင်သော။ ထမြောက်ခြင်း၏ ခန္ဓာ အသစ်ကို ပေးပေမည်။ ကျမ်းစာ၌ "ယာယီတဲ ဖြစ်သော ငါတို့ မြေအိမ် (ကိုယ်ခန္ဓာ)သည် ပျက်လျှင်၊ ကောင်းကင်ဘုံ၌ လူလက် ဖြင့် မလုပ်ဘဲ၊ ဘုရားသခင် ဖန်ဆင်းတော်မူသော နိစ္စ ထာဝရအိမ် (ထမြောက်ခြင်း၏ ခန္ဓာသစ်) ရှိကြောင်းကို ငါတို့ သိကြ၏"ဟုဆိုထားပါသည်။ (၂ကော၊၅း၁)

## ကောင်းကင်ဘုံ၌မည်ကဲ့သို့ဖြစ်မည်နည်း။

သခင်ယေရှုနှင့် တူလာပေလိမ့်မည်။ ကျမ်းစာ၌ "... သို့သော်လည်း ကိုယ်တော်သည် ထင်ရှား ပေါ်ထွန်း တော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့ သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော် ဖြစ်တော်မူသည် အတိုင်းကို ငါတို့သည် မြင်ရကြလတံ့။(၁ယော၊၃း၂)

ခရစ်ယာန်တယောက်သည် သေလျှင် ဘယ်ကို ရောက်မလဲ။ အဖြေ မသိဘဲ၊ သေသွားဘို့ရန် ဘုရားသခင်သည် အလိုမရှိပေ။ သခင်ယေရှုသည် သေခြင်းကို အောင်မြင်ခဲ့ခြင်းကြောင့် သူသည် ဘုရားသားတော်ဖြစ်ပြီး သူကိုယ်တိုင်နှင့် သူ၏ စကားတော်များသည် ဧကန်အမှန်ဖြစ်ပြီး ယုံကြည်စိတ်ချနိုင်ပါသည်။ နှလုံးသားတွင် အာမခံချက်နှင့် စိတ်ချမှုကို ပေးနိုင်ပါသည်။

"ထိုကြောင့် သေခြင်းမှ ထမြောက်တော်မူသည်နောက်၊ ထိုစကားတော်ကို တပည့်တော်တို့သည် မှတ်မိကြသဖြင့်၊ ကျမ်းစာကိုင်ငှင်း၊ ယေရှု၏ နှုတ်ကပတ်တော်ကိုငှင်း ယုံကြ၏။" (ယော၊၂း၂၂)

"သက်သေခံတော်မူချက် ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသော သူမူကား အသက်ကို မရ။ ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင် ရသည်ဟု ***သိစေခြင်းငှာ*** ဤအရာများကို သင်တို့အား ငါ ရေး၍ ပေးလိုက်၏။" (၁ယော၊၅း၁၁-၁၃)

သင်သည်အသက်ရှင်စဉ်ပင် သခင်ယေရှုကို ယုံကြည်ခဲ့ခြင်းကြောင့်၊ ထာဝရအသက်ကို ရရှိပြီး ဖြစ်၍ သေလျှင် ကောင်းကင်ဘုံသို့ ရောက်နိုင်ကြောင်းကို "ထင်ရသည် (သို့) ယူဆ ရသည် (သို့) မြော်လင့်ရသည်"ဟု ကျမ်းစာက မပြောထားပါ။ကျမ်းစာက အမှန်တကယ် ရောက်မည့် အကြောင်းကို ***သိစေခြင်းငှါ*** ရေးထားခြင်းဖြစ်ပါသည်။ ။ (အန်ဒရူး)

---

## ကျွန်တော်နှင့်သခင့်စကား (မင်းအောင်သက်လွင်)

မြန်မာပြည်မှာတုံးက ခရစ်ယာန် စာပေလောကမှာ အတိုင်းအတာ တစ်ခုအထိ လုပ်ဆောင် ဆက်ကပ်ခဲ့ပေမဲ့ နိုင်ငံခြား တိုင်းပြည်ဖြစ်တဲ့ စင်ကာပူကိုရောက်လာတဲ့အခါမှာတော့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ခါစ ၁၉၉၆ မှ ၂၀၀၁ ခုနှစ်အထိ ယုဒသန်နှစ်ခြင်းအသင်းတော် စင်ကာပူ လူငယ် မဂ္ဂဇင်းမှာ အခြားသူတွေနဲ့ ပါဝင်ပူးပေါင်း ဆက်ကပ်တာက လွဲရင် ကျွန်တော် ထူးထူး ခြားခြား ဘာစာစောင် မှ မထုတ်ဖြစ်ခဲ့ပါဘူး။ အဲဒီတုံးက လူငယ် မဂ္ဂဇင်းဟာ နှစ်ပါတ်လည်အနေနဲ့ တစ်နှစ်မှ တစ်ခါဘဲ ထုတ်လေ့ ရှိပါတယ်။ အသင်းတော် သင်းအုပ်ဆရာ ကိုယ်တိုင် ဦးစီးထုတ်ဝေတဲ့ "နှလုံးသားအိမ်မှ" ဆိုတဲ့ ဆရာ့ ရဲ့ တရားဟောချက်နဲ့ ဆုတောင်းချက် ပါတဲ့ နှစ်မျက်နှာ လက်ကမ်းစာစောင် လေးကိုတော့ အဲဒီတုံးက ဖတ်ခွင့်ရခဲ့ပါတယ်။

စာပေဟာ အင်မတန် ထက်မြက်တဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး နယ်ပယ်တွေမှာ လူကိုယ်တိုင် စည်းရုံးလှုံ့ဆော်တာထက် စာပေအားဖြင့် လှုံ့ဆော် အားပေးခြင်းဟာ အလွန် ထိရောက်တယ်ဆိုတာ လူတိုင်းအသိပါဘဲ။ စင်ကာပူရောက် မြန်မာလူမျိုးတိုင်း ကိုယ့်နိုင်ငံ ယဉ်ကျေးမှု၊ ရေမြေ တောတောင် သဘာဝ၊ တေးဂီတ၊ အစားအစာ၊ အသုံးအဆောင် အဝတ် အစားတွေကို လွမ်းဆွတ်တသ သတိရကြစမြဲပါ။ အဲဒီအထဲမှာမှ မြန်မာ စာပေကို ငယ်စဉ်တောင်ကျေးကလေးဘဝ ကတည်းက လေ့လာ ဆည်းပူးခဲ့ကြတဲ့ စင်ကာပူကို အ သက်အရွယ် အလတ်ပိုင်းမှာ ရောက်လာတဲ့ မြန်မာ လူမျိုး အ များစုဟာ မြန်မာစာ ကို ဖတ် ချင်စိတ်နဲ့ လွမ်းဆွတ်မိကြပါ တယ်။



စာပေ လောကမှာလဲ အကြောင်းအရာ အမျိုးမျိုးကို ရေး သားတဲ့ စာပေတွေရှိပါတယ်။ ယုံ ကြည်သူများ အနေနဲ့ကတော့ မိမိ ဒုက္ခ ရောက်ချိန်မှာ ခွန်အားပေး နှစ်သိမ့်နိုင်မဲ့ စာပေကို ဖတ်လို ကြ တယ်။ မိမိ ကောင်းစားနေချိန်မှာ မိမိရဲ့ ကောင်းကြီးနဲ့ ပီတိကို အခြားသူ တွေကို ပြောပြ ဝေငှချင်ကြ ပါလိမ့်မယ်။ မိမိ ပြဿနာတွေ့နေချိန်မှာ မိမိရဲ့ ဝေဒနာကို အခြားသူတွေထံ တင်ပြ ချင်ကြပါလိမ့်မယ်။ ဒါပေမဲ့ စင်ကာပူ ဆိုတာ "အချိန်" အင်မတန် ရှားပါးတဲ့ နိုင်ငံ ဖြစ်တဲ့အတွက် သူတို့ရဲ့ သက်သေခံချက်ကို နားထောင်ဖို့ "အချိန်" ပေးနိုင်တဲ့သူ နည်းပါလိမ့်မယ်။ မိတ်ဆွေရဲ့ ကောင်းကြီးမင်္ဂလာ အ ကြောင်း ကို နားထောင်ပေးနိုင်ဖို့ အချိန်ပေးနိုင်တဲ့သူ ရှားပါး ပါလိမ့်မယ်။

စင်ကာပူရောက် လူတိုင်းလိုလို ဖိအားများတဲ့ အလုပ်တွေကို ပုံမှန် အလုပ်ချိန်သာ မက အချိန်ပိုပါ ဆင်းပြီး လုပ်နေကြရတဲ့အတွက် မျက်နှာချင်းဆိုင် ပြောဖို့ အချိန်တွေ မရနိုင်ခဲ့သလို၊ အသင်းတော်ထဲမှာ သက်သေ ခံချင်တဲ့ သူတွေ အတွက်လဲ အခကြေးငွေနဲ့ ငှားပြီး အချိန် အကန့် အသတ်နဲ့ ဝတ်ပြု ကိုးကွယ်နေကြရတဲ့ အသင်းတော်တွေက မိတ်ဆွေတို့ကို ပလ္လင်ပေါ် စကားတက် ပြောခွင့် မပေးနိုင်ခဲ့ပါဘူး။


တစ်လမှ တစ်ကြိမ် အပြင်ထွက်ခွင့်ရတဲ့ သူတွေ၊ ဖလ မှ တစ်ကြိမ် အပြင် သွားခွင့်ရတဲ့သူတွေအတွက် တရားစကား ကြားနိုင်ခွင့်၊ ပြောနိုင်ခွင့် ဝေငှနိုင်ခွင့်တွေဟာ နိုင်ငံခြားတိုင်းပြည်မှာ ရတနာရွှေစင် ထက် ရှားပါးနေတဲ့ အချိန် ဖြစ်ပါတယ်။ အဲဒီလို အချိန်မှာ သူများရဲ့ သက်သေခံချက်၊ ဝေငှချက်ကို သိချင်၊ ကြားချင်နေတဲ့သူတွေနဲ့ သူများကို ပြောပြ၊ ဝေငှချင်တဲ့သူတွေအတွက် ကြားခံ အသုံးပြု အစေခံနိုင်မဲ့ အသုံးတော်ခံ တန်ဆာပလာ တစ်ခုဟာ စာပေဘဲဖြစ်ပါတယ်။ ဈေးအသက်သာဆုံး၊ အလွယ်ကူဆုံး၊ အဆင်အပြေဆုံး၊ ကိရိယာ တန်ဆာပလာဟာ စာပေ ဘဲဖြစ်ပါတယ်။ တရားဟောဆရာ တစ်ယောက်အနေနဲ့ သူ့ရဲ့ တရားဟောချက်ကို အသင်းတော် ခမ်းမထဲ ရောက်နေတဲ့ ရာဂဏန်း ရှိတဲ့ လူထု ပရိတ်သတ်တွေကိုဘဲ ပြောနိုင်ပါတယ်။ နောက်ထပ် လူတစ်စုကို ပြောနိုင်ဖို့ နောက်ထပ်နေရာအသစ်ကို သွားရသလို ယခင်က ပြောခဲ့တဲ့ လေသံ၊ ခံစားချက်၊ ပြောဟန်အတိုင်း ထပ်တူထပ်မျှ ပြောနိုင် ဟောနိုင်ဖို့ မလွယ်ကူပါဘူး။ ဒါပေမဲ့ စာပေဟာ စာရေးသူရဲ့ ရေးသားဟန် ခံစားချက်ကို တစ်ရာ ရာခိုင်နှုန်း မပျက်ယွင်းဘဲ ရေမြေ တောတောင် အနှံ့၊ နိုင်ငံရပ်ခြား၊ ရပ်ဝေးရပ်နီးက လူ ထောင်ဂဏန်း၊ သောင်းဂဏန်း အရေအတွက် ရှိတဲ့သူတွေကို စာအိတ်ဖိုး တံဆိပ်ခေါင်းဖိုး ဈေးသက်သက်သာသာနဲ့ ခွန်အားပေး နိုင်ပါတယ်။

"သခင့်စကား" ဝိညာဉ်ရေးရာ စာ စောင်ကို ၂၀၀၁ ခုနှစ်တုံးက သူငယ် ချင်းနှစ်ယောက်ရဲ့ အကြံပေးမှုကြောင့် ကျွန်တော် တစ်ဦးတစ်ယောက် တည်းရဲ့ ရူပါရုံနဲ့ စတင် ထုတ်ဝေ ရေးသားခဲ့ပါတယ်။ အမှတ်စဉ် (၁)ကို ၂၀၀၁ ခုနှစ် စက်တင်ဘာလ ပထမ အပါတ် တနင်္ဂနွေနေ့၊ ယုဒသန်နှစ်ခြင်း အသင်းတော် (စင်ကာပူ)မှာ **A4** ဆိုဒ် လေးမျက်နှာနဲ့ ညီမျှတဲ့ **A3**

ဆိုဒ် အရေအတွက် အစောင် (၇၀) ကို ခင်မင်ရာ မိတ်ဆွေ သူငယ်ချင်းတွေထံ အခမဲ့ လက်ဆောင် ပေးဝေ ဖြန့်ချိခဲ့ရာမှာ ဖတ်ရှုခွင့်အား ယူလိုသူ၊ ပါဝင်ရေးသား ဆက်ကပ်လိုသူ၊ ငွေကြေး လှူဒါန်းလိုသူ၊ တဆင့်ဖြန့်ချိ ပေးလိုသူ တစ်လထက် တစ်လ ပိုမို များပြားလာခြင်းကြောင့် ယခုအချိန်မှာ သခင့်စကားစာစောင်ကို **A4** ဆိုဒ် ၆ မျက်နှာနဲ့ တစ်လလျှင် အသင်းတော် ၃-၄ ခုကို အစောင်ရေ ၇၀၀ အထိ မိတ္တူ ကူးယူ ဖြန့်ချိ ဝေငှခဲ့ရပါတယ်။

ထို့ထက်မက နိုင်ငံခြားရောက် မြန်မာလူမျိုးများနဲ့ စင်ကာပူနိုင်ငံ အတွင်း ကွန်ပျူတာ၊ အီးမေး၊ အင်တာနက် သုံးနိုင်သူများ ဖတ်ရှုနိုင်ရန် စင်ကာပူ နိုင်ငံရှိ ယုဒသန်နှစ်ခြင်းအသင်းတော် ဝက်ဘ်ဆိုက်ရဲ့ **Website ( www.jbcs.org.sg)** ခေါင်းစဉ်အောက်မှာ "သခင့်စကား" စာစောင် ကို လစဉ် ဖော်ပြထားတဲ့အပြင် အင်္ဂလန် နိုင်ငံရောက် မြန်မာ ယုံကြည်သူ တစ်ဦးရဲ့ ကူညီမှုနဲ့ **Myanmar Bible net website** မှာလဲ သခင့်စကား စာစောင်ကို ကွန်ပျူတာ၊ အင်တာနက်များသုံးပြီး ဖတ်ရှုနိုင်ပါပြီ။

သခင့်စကား စာစောင် ထုတ်ဝေရခြင်းရဲ့ ရည်ရွယ်ချက်များမှာ နိုင်ငံရပ်ခြား တိုင်းပြည်များမှာ အလုပ် လုပ်နေကြတဲ့ မြန်မာ လူမျိုး များ အချင်းချင်း ခွန်အားပေး၊ သက်သေခံ၊ တိုက်တွန်းနှိုးဆော် ဝေငှ နိုင်ရန်၊ နိုင်ငံခြား အတွေ့အကြုံ သက်သေ ခံချက်များကို မြန်မာပြည် တွင်းမှ မိတ် ဆွေမျိုးသားချင်း၊ ယုံ ကြည်သူများ ကြားသိ ဗဟုသုတ ရစေရန်၊ လိုအပ်ချက် များကို သိစေ၍ ကူညီ မစ ဆုတောင်းပေးနိုင်ရန်နှင့် စာပေ အားဖြင့် ဘုရား သခင် ကောင်းမြတ်ကြောင်း အစေခံရန် ဖြစ် ပါတယ်။



"သခင့်စကား" ဝိညာဉ်ရေးရာ စာစောင်ဟာ မည်သည့် အသင်း တော် အဖွဲ့အစည်း၊ ဂိုဏ်း ဂဏများရဲ့ လက်အောက်ခံ မဟုတ်ပါ။ သခင့်စကား စာစောင်မှာ ဥက္ကဋ္ဌ မရှိ၊ အတွင်းရေးမှူး မရှိ၊ အသင်းသား မရှိပါ။ နှစ်တို နှစ်ရှည် စီမံကိန်းများ မရှိ၊ ရံပုံငွေ အလှူခံခြင်း၊ လစဉ်ကြေး ကောက်ခံ စုဆောင်း ခြင်းမရှိပါ။

ဒါပေမဲ့ သခင့်စကားစာစောင် အတွက် ဝန်တာထားပြီး ဆက်ကပ် အစေခံတဲ့ အစေခံများ ရှိပါတယ်။ အချို့ အစေခံများက အမှတ်စဉ် ၁ မှ စတင် ပြီး ယခုထိတိုင် ဆက်ကပ်နေဆဲပါ၊ အချို့ အစေခံများက လမ်းခုလတ်မှ ဖြတ်ဝင် လာပေမဲ့လည်း ယခုထိတိုင် ဆက်ကပ်နေဆဲပင်၊ အချို့ အစေခံများ မှာ အမှတ်စဉ် ၂ မှ စတင် ဆက်ကပ်ခဲ့သော်လည်း အခြေအနေ အမျိုးမျိုး ကြောင့် ယခုထိတိုင် မပါဝင်နိုင်ခဲ့ပေ။ သို့သော်လည်း သခင့်စကားအတွက် အစေခံမည့် သူများကို ဘုရားရှင်က သူ့ခေတ်နှင့်သူ၊ သူ့အချိန်နှင့် သူ စဉ်ဆက်မပြတ် မွေးထုတ် ရွေးနှုတ်၍ အစေခံ စေခဲ့ပါတယ်။ ထိုသူများ အားလုံးကို ကျွန်တော် မသိပါ။ သူတို့အားလုံးလဲ ကျွန်တော့်ကို မသိဖူးပါ၊ မမြင်ဖူးပါ။ သို့သော် ဘုရားရှင် အားလုံးကို သိပါတယ်။

အခုလို ၆ နှစ်ပြည့်တဲ့အထိ သခင့်စကား စာစောင်ကို ထုတ်ဝေ နိုင်ခွင့် ပေးခဲ့တဲ့ အဖဘုရားသခင်ရဲ့ မစခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော် ဘုရားရဲ့ လမ်းပြခြင်းနဲ့ သာသနာပြုလိုတဲ့ စိတ်ဓါတ်၊ စာပေ ရှုပါရှိတဲ့ အသင်း တော်များ၊ မိတ်သဟာယများ၊ စာပေ ဝါသနာရှင် မိတ်ဆွေ သူငယ်ချင်းများရဲ့ အကူအညီနဲ့ မိမိ နိုင်သလောက် မိတ္တူ ကူးပေးသူများ၊ အလှူငွေ ပါဝင်ကြ သောသူများ၊ တဆင့် လက်ကမ်း ဝေငှပေးသူများ၊ အသင်းတော်သို့ တပိုင် တနိုင် လစဉ် သယ်ယူပို့ဆောင်ပေးသူများ၊ လက်ကမ်းဖြန့်ချိပေးသူများ၊ သက် သေခံချက်၊ ဘဝအတွေ့အကြုံ သင်ခန်းစာ၊ ဝေဖန်ရေး၊ စာညွှန့်၊ နှိုးဆော်ချက်၊ ဘာသာပြန်၊ မေတ္တာဖွဲ့၊ သုတ၊ ဟာသ၊ တရားဟောချက်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ပန်းချီ အားဖြင့် ပါဝင် ဆက်ကပ်ရေးသားသူများ အပါအဝင် "သခင့်စကား" နဲ့ပါတ်သက်၍ အ ကောင်းအဆိုးတွေကို ဝေဖန် အကြံပေး၊ တွန်းအားပေး၊ သတိပေး ကြသော သူများ အားလုံးကို အထူး ကျေးဇူးတင်ရှိပါတယ် ဆိုတဲ့အကြောင်း မှတ်တမ်းတင် ရေးသားရင်း မိတ်ဆွေတို့ အားလုံးအပေါ် ဘုရားသခင် ကောင်းကြီး မင်္ဂလာ သက်ရောက် ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**မင်းအောင်သက်လွင်** ( သခင့်စကား ၆ နှစ်ပြည့် အမှတ်တရ )

## ခင်ပွန်းကောင်း



"သန့်ရှင်းသောမြေ" **Holy Land** လို့ ကမ္ဘာက အသိအမှတ် ပြုထားတဲ့ ယေရုရှလင်မြို့ကို တစ်ခြားတိုင်းပြည်က ကမ္ဘာလှည့် ခရီးသည် အေဂျင်စီ အဖွဲ့နဲ့အတူ ချစ်ခင်ကြင်နာစ တိုင်းတပါးသား ဇနီးမောင်နှံ စုံတွဲ တစ်တွဲ လိုက်ပါလာခဲ့ပါတယ်။

ယေရုရှလင်မြို့တော် အတွင်း လှည့်လည် ကြည့်ရှုနေစဉ် အတွင်း မှာဘဲ ဇနီးသည် ဖြစ်သူဟာ ကောက်ကာငင်ကာ ရုတ်တရက် သေဆုံးသွားပါ တယ်။ တခြားတိုင်းပြည်မှာ ဇနီးသည် သေဆုံးသွားလို့ ခြေ မကိုင်မိ၊ လက် မကိုင်မိ ဆောက်တည်ရာ မရ ဖြစ်နေတဲ့ ခင်ပွန်းသည်ကို ခရီးသွား အေဂျင်စီ အဖွဲ့ မန်နေဂျာနဲ့ နယ်မြေတာဝန်ခံ တာဝန်ရှိသူတွေက ဇနီးသည်ရဲ့ ရုပ် အလောင်း မြေချရေးအတွက် အကြံပေး ဆွေးနွေးခဲ့ကြပါတယ်။

ခရီးသွားအေဂျင်စီ မန်နေဂျာနဲ့ တာဝန်ရှိသူတွေက ခင်ပွန်းသည်ကို "ခင်ဗျား ဇနီးသည်ရဲ့ ရုပ်အလောင်းကို ကိုယ့်နိုင်ငံ ကိုယ်ပြန် သယ်ပြီး မြေမြှုပ် သင်္ဂြိုလ် ချင်တယ်ဆိုရင် အမေရိကန်ဒေါ်လာ ငွေနှစ်ထောင် လောက် ကုန်ကျ မှာဖြစ်ပြီး ဒီယေရုရှလင်မြို့ထဲမှာဘဲ မြေမြှုပ်သင်္ဂြိုလ် ချင်တယ်ဆိုရင်တော့ အမေရိကန် ဒေါ်လာ ငွေနှစ်ရာ လောက်ဘဲ ကုန်ကျမှာဖြစ်ပါတယ်။ မိတ်ဆွေ ကြိုက်ရာကို ရွေးပါ" လို့ပြောလိုက်ပါတယ်။

အဲဒီအချိန်မှာ ခင်ပွန်းသည်က မဆိုင်းမတွဘဲ "ကျွန်တော့် ဇနီး သည်ကို ကိုယ့်နိုင်ငံ ကိုယ်ပြန်သယ်ပြီး မြေမြှုပ် ချင်ပါတယ်ခင်ဗျာ" လို့ ပြန်ဖြေ လိုက်ပါတယ်။ အားလုံးက "စဉ်းစားပါ မိတ်ဆွေ ငွေရေးကြေးရေး အရ ဒီ သန့်ရှင်းသောမြေ မှာ မြေမြှုပ်သင်္ဂြိုလ် ရင် ဆယ်ဆ သက်သာပါလိမ့်မယ်" လို့ ပြောတဲ့အခါ ...

ခင်ပွန်းသည်က "ငွေရေးကြေးရေးကို ကျွန်တော် နားလည်ပါတယ် ဗျာ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်၂ထောင် လောက်တုံးက ယေရှု ဆိုတဲ့ လူ တစ်ယောက် ဟောဒီ သန့်ရှင်းသောမြေမှာ ဂူသွင်းသင်္ဂြိုလ် ခံခဲ့ရပေမဲ့ သုံးရက် မြောက်တဲ့နေ့မှာ အသက်ပြန်ရှင် လာတယ်လို့ ကျွန်တော်ကြားဖူးပါတယ်။ တော်ကြာ ကျွန်တော့် မိန်းမလဲ သုံးရက်မြောက်တဲ့နေ့မှာ အသက် ပြန်ရှင်လာ မှာစိုးလို့ ဒီသန့်ရှင်းသောမြေမှာ မသင်္ဂြိုလ်တာပါ ခင်ဗျာ"တဲ့။ တကယ့် ခင်ပွန်းကောင်း တစ်ယောက်ပါဘဲ။ ။

(ဝန်ခံချက်။ ။ မိတ်ဆွေ တစ်ဦးထံမှ ရရှိသော အီးမေးလ် ပါ အကြောင်းအရာအား မြန်မာ ဘာသာ ပြန်ဆို ထားခြင်း ဖြစ်ပါသည်။ )







မည်သူမဆို စာမူများ ရေးသားပေးပို့နိုင်ပါသည်

( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

Min Aung Thet Lwin,
Blk 76A #30-02, Red hill road, Singapore 151076
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**